# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၇၂)၊ ၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၁၀–၂–၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်၏ဂုဏ်သိက္ခာအတွက် နိုင်ငံကြီးသားပီသစွာမဲပေးခဲ့ကြသည့် ပြည်သူများ၊ ရွေးကောက်ပွဲကို စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများအား နိုင်ငံတော်က အသိအမှတ်ပြုကျေးဇူးတင်

## နောင်တစ်ချိန်ပြုလုပ်သွားမည့် ရွေးကောက်ပွဲများတွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၊ အမှုဆောင်ချုပ်ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အင်္ဂါနေ့ ။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိ

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အခမ်းအနားကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အခမ်းအနားမှခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် အရောင်းပြခန်းများ၊ MSME လုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုလေ့လာကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းစီးပွားရေး ကောင်းမွန်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းပေါ်များလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)အစီအစဉ်များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများအပါအဝင် စုစုပေါင်း ပြခန်းပေါင်း ၁၂၀ ကျော်အား ပြသရောင်းချလျက်ရှိသည်။ ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ဖေဖော်ဝါရီ ၁၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား
## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊
(၂) ပန်းအလှပင်ပြိုင်ပွဲ၊
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
(၄) အရွက်အလှပင်ပြိုင်ပွဲ၊
(၅) ရွက်လှပင်ပြိုင်ပွဲ၊
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)၊
(၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
(၂၂) ဟင်းသီး အသီးအနံ့အတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ ၄၁ လမ်းထောင့်၊ သင်္ဘောချောင်းအနောက်ဘက်နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၁၁၁ လမ်းနှင့် ၆၉ လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်-မန်းလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်တို့တွင် ပြည်ထောင်စုနေ့ ရုံးပိတ်ရက်များဖြစ်သောကြောင့် သက်သာဈေးရောင်းချမှုကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပါတီစုံဒီမိုကရေစီစနစ်ကိုအမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်

> ◌ **ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ခြောက်ပါတီရှိခဲ့၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် တစ်ဦး ရွေးကောက်ခံခဲ့ရ**
>
> ◌ **မဲစာရင်းရလဒ်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ၁၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြည်သူ့ပါတီ ၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် ၇ ဒသမ ၆၅ ရာခိုင်နှုန်း၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေဖြင့် ၆ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့သည်ကို တွေ့ရှိရ**
>
> ◌ **အလားတူ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်အနိုင်ရရှိခဲ့ကြသည်ကိုတွေ့ရ၊ မိမိတို့အနေဖြင့် PR စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပါတီစုံစနစ် (Multi Party စနစ်)ကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်**

☆ ရှေ့ဖုံးမှ

**ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှု**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ ၂၆၃ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင်တက်ကြွစွာဖြင့်စည်းကမ်းတကျလာရောက်၍ မဲရုံများတွင်ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ **မဲပေးရာတွင် စနစ်တကျဖြင့်တန်းစီ၍ မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်ကြောင်း၊** အချို့နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်သူများအနေဖြင့် ရွေးကောက်ပွဲတွင်ပါဝင်မှုမရှိကြကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံတကာရွေးကောက်ပွဲများကိုလေ့လာကြည့်ရာတွင် ထုတ်ပြန်ထားသည့် စာရင်းများအရ ၂၀၂၅ ခုနှစ်နှင့် အနီးဆုံးကာလများတွင် အထွေထွေရွေးကောက်ပွဲများကို ၁၉၉ နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း ၅၀ ၌ မဲပေးမှုရာခိုင်နှုန်း ၅၄ ရာခိုင်နှုန်းထက်နည်းပါးကြသည်ကို တွေ့ရကြောင်း၊ ထိုအထဲတွင် ပြင်သစ်နိုင်ငံ၊ အယ်လ်ဂျီးရီးယား၊ ဘူလ်ဂေးရီးယား၊ အီဂျစ်၊ ခရိုအေးရှား၊ ဂျမေကာ၊ ဂျပန်စသည့် နိုင်ငံများပါဝင်ကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကားပြီး နိုင်ငံများပင်ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ကျင်းပပြုလုပ်သည့် ယခုရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟု ပြောနိုင်ကြောင်း။

ဆန္ဒမဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် ဆန္ဒမဲများပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ MEVM စက်များကို ရွေးကောက်ပွဲမကျင်းပမီ စတင်၍ ကြိုတင်ပြင်ဆင်ချိန်ကတည်းက အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးပြီးမှသာ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ မှားယွင်းမှုများမရှိစေရေး အကြိမ်ကြိမ်အထပ်ထပ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှုမရှိသူများရှိခဲ့သော်လည်း မဲစာရင်းမှားယွင်းမှုမရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ကြောင်း။

မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် ဆန္ဒမဲများပေးရာတွင်လည်း မဲရုံတစ်ခုချင်းစီအလိုက်၊ MEVM စက်တစ်ခုချင်းအလိုက် သီးသန့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ချိတ်ဆက်မှုများမှ ဆောင်ရွက်ထားမှုမရှိခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမှုများကြောင့် နိုင်ငံတော်ကို တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံတော်အနေဖြင့် ငွေကြေးကုန်ကျမှုများ များစွာရှိသော်လည်း ရွေးကောက်ပွဲကိုအပိုင်းအလိုက်ခွဲ၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သဖြင့် ငွေကြေးကုန်ကျမှုကို သက်သာစေခဲ့သကဲ့သို့ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ကြိုတင်မဲပေးမှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့်မဲသမာမှုများ လုံးဝမဖြစ်ပေါ်စေရေးစနစ်တကျ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲပေးချိန်တွင် ပျက်ကွက်နိုင်သူများကို စနစ်တကျဖြင့် မှတ်တမ်းတင်၍ ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပါဝင်မဲပေးခဲ့ကြသည့် ပြည်သူများကိုများစွာ ကျေးဇူးတင်ရှိပါကြောင်း၊ **ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာ ပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်**ကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် ရွေးကောက်ပွဲကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်မှုများကို စနစ်တကျ ပြုလုပ်ခဲ့ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက်ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယခုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုသာမက မိမိတို့အစိုးရလက်ထက် ယခင်ရွေးကောက်ပွဲကော်မရှင်ကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံရေးပါတီများပါဝင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်ပါတီငယ်များနှင့်တိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရေး PR စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအားလုံးနှင့် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လွှတ်တော်တွင် ပါဝင်ပြီး မိမိတို့၏ဒေသအကျိုးနှင့် ၎င်းတို့၏ ဆန္ဒများကို ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် ယခုရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များနှင့် ပါတီငယ်များမှကိုယ်စားလှယ်များ ပိုမိုပါဝင်လာသည်ကိုတွေ့ရကြောင်း။

**နောင်လာမည့်လွှတ်တော်တွင်ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး**

ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ခြောက်ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံခဲ့ရကြောင်း၊ မဲစာရင်းရလဒ်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ၁၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြည်သူ့ပါတီ ၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် ၇ ဒသမ ၆၅ ရာခိုင်နှုန်း၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေဖြင့် ၆ ဒသမ ၁၇ ရာခိုင်နှုန်း ရရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အလားတူ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်အနိုင်ရရှိခဲ့ကြသည်ကို တွေ့ရကြောင်း၊ **မိမိတို့အနေဖြင့် PR စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပါတီစုံစနစ် (Multi Party စနစ်) ကိုပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း။**

မိမိတို့အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကိုစနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုရရှိသည့် မဲရလဒ်များကို ကြည့်ခြင်းအားဖြင့် ပါတီဝင်အင်အားကိုခန့်မှန်း၍ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူနှင့်ကင်းကွာ၍မရကြောင်း၊ ပြည်သူများနှင့် ထိတွေ့မှုများပြားသည့် ပါတီများ၊ ပါတီဝင်စည်းရုံးရေးကို ဆောင်ရွက်နိုင်ခဲ့သည့်ပါတီများအနေဖြင့် ပြည်သူများ၏ထောက်ခံမှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်မတိုင်မီကတည်းက စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ရမည်ကို သင်ခန်းစာဖော်ထုတ်နိုင်ကြောင်း၊ ပါတီ၏မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများအား ပြည်သူများသိရှိစေရေး ဆောင်ရွက်ပြီး စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ နောင်တစ်ချိန်ပြုလုပ်သွားမည့် ရွေးကောက်ပွဲများတွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုရရှိလာသည့် ရွေးကောက်ပွဲရလဒ်များကိုလည်း ပါတီများအနေဖြင့် သံသယရှိပါက ရွေးကောက်ပွဲကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ကြောင်း။

**လွှတ်တော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လို**

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်အဆောက်အအုံများ ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

**နောင်တက်လာမည့် အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများကိုချောမွေ့စွာဖြင့်ဆက်လက် ဆောင်ရွက်နိုင်ရေး**

မိမိတို့လက်ရှိအစိုးရ၏ လုပ်ဆောင်ချက်မှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုဆောင်ရွက်ထားကြရန်လိုကြောင်း၊ “နှုတ်တစ်ရာ စာတစ်လုံး” ဆိုသည့်အတိုင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအလိုက် အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် စနစ်တကျမှတ်တမ်းတင်ပြုစုထားရှိရန်လိုကြောင်း၊ နောင်တက်လာမည့်အစိုးရအဖွဲ့အနေဖြင့် အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်တာဝန်များကို ချောချောမွေ့မွေ့ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

**ရရှိသည့်အချိန်အတွင်း နိုင်ငံ့စီးပွားရေး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလို**

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိနေသည့် အချိန်အတွင်း နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ရသမျှအချိန်အတွင်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကိုအခြေခံ၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုပြီး သီးထပ်စိုက်ပျိုးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် စတင်တာဝန်ယူချိန်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ထိုက်သင့်သလောက်သာအောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆီထွက်သီးနှံများအား ကုန်ကြမ်းများအဖြစ် ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်းဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံကို စိုက်ပျိုးထုတ်လုပ်စေလိုကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

စိုက်ပျိုးရေးတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နိုင်ငံ၏ဝင်ငွေများ နှစ်စဉ်လျော့နည်းလျက်ရှိသဖြင့် ဝင်ငွေများပိုမိုတိုးတက်လာစေရေး တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်ပဝင်ငွေများပိုမိုရရှိလာပြီး ပြည်တွင်းစီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူ ပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နောင်တက်လာမည့်အစိုးရအတွက် အထောက်အကူပြုစေရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရမည်ဖြစ်ကြောင်း။

**ပြည်သူများအတွက် သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရန်လို**

“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့” ဆိုသည့် မိမိတို့ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများအနေဖြင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းတွင် နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုသကဲ့သို့ မြို့ရွာများ သန့်ရှင်းသာယာလှပ စိမ်းလန်းသာယာရေးအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ Mind Set များ ကောင်းမွန်လာမည်ဖြစ်ပြီး အေးချမ်းသာယာမှုကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

**နိုင်ငံတော်၏အနာဂတ်တိုးတက်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးလိုအပ်**

မကြာမီကာလအတွင်း ကျောင်းသား ကျောင်းသူကလေးငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါ နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချ၍ ၎င်းတို့၏ ဘဝအတွက် အထောက်အကူပြုစေမည့် နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရန်လိုကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် စနစ်တကျ အနားယူဆောင်ရွက်ခြင်းဖြင့် နောင်လာမည့် ပညာသင်နှစ်တွင် ယခုထက်ပိုမို၍ ကြိုးစားအားထုတ်ချင်သည့်စိတ်များ ရှိလာအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေခြင်းသည် နိုင်ငံတော်၏ အနာဂတ်တိုးတက်ရေးအတွက် များစွာအရေးကြီးကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေး တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရန်လိုကြောင်း၊** ကျောင်းသား ကျောင်းသူများ၏ ဘဝအတွက် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရန်လိုကြောင်း၊ လူငယ်များအနေဖြင့် ၎င်းတို့ခြေထောက်ပေါ်တွင် ကိုယ်တိုင်ရပ်တည်နိုင်သည့် ပညာရပ်များတတ်မြောက်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများမဖွင့်လှစ်နိုင်သည့် ဒေသများတွင် လာမည့်ပညာသင်နှစ်အတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ဒေသအလိုက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်**

ဒေသအလိုက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဒေသတွင်နေထိုင်သည့် တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူများ၏အားဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုမရှိသည့် ဒေသများတွင် လက်နက်ကိုင်၍အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ ကိုယ်ကျိုးအတွက်အတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းများ၊ ဒေသအလိုက်ထွက်ရှိသည့် သယံဇာတပစ္စည်းများကို တရားမဝင် ထုတ်ယူခြင်းများဖြင့် အဓမ္မ ကိုယ်ကျိုးစီးပွားရှာခြင်းများကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း။

အဆိုပါ အကြမ်းဖက်သမားများကြောင့် ဒေသမတည်ငြိမ်မှုများဖြစ်ပေါ်ပြီး အခြေခံပညာကျောင်းများ ပိတ်ထားရခြင်းကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ၏ အခွင့်အရေးများ များစွာဆုံးရှုံးလျက်ရှိကြောင်း၊ ပြည်သူလူထုတည်ငြိမ်အေးချမ်းမှုကို အပြည့်အဝခံစားနိုင်ရေး တပ်မတော်၏အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အင်အား၊ ပြည်သူလူထု၏ အင်အားများစုစည်း၍ အကြမ်းဖက်သမားများကို နှိမ်နင်းရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အုပ်ချုပ်မှုနည်းလမ်း၊ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် နောင်တက်လာမည့်အစိုးရအတွက်အထောက်အကူပြုစေမည့် လုပ်ငန်းများအားလုံးကို ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း ပြောကြားသည်။

**ရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်မည့် မြို့နယ်များနှင့် မကျင်းပနိုင်မည့်မြို့နယ်များ သတ်မှတ်၍ မဲစာရင်းများအဆင့်ဆင့် ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲအား အပိုင်းလိုက် အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် မဲစာရင်းရလဒ်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၏ စာရင်းအား ကြေညာပေးခဲ့မှုအခြေအနေများ၊ အပိုင်းလိုက် ကျင်းပဆောင်ရွက်ခဲ့ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အပိုင်းလိုက်သတ်မှတ်နေရာများအလိုက် အချိန်မီရွှေ့ပြောင်းနိုင်ရေး၊ စနစ်တကျ ပြန်လည်တပ်ဆင်အသုံးပြုနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ ရွေးကောက်ပွဲကို သမာသမတ်ရှိရှိစနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှ ကန့်ကွက်ခဲ့မှုမရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် MSME လုပ်ငန်းများနှင့်ပတ်သက်၍ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များကို တက်ကြွစွာဖြင့် အပြိုင်အဆိုင် လာရောက်ပါဝင်ပြသကြသည်ကို ဝမ်းမြောက်အားတက်ဖွယ်တွေ့မြင်ရကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများသည် အဓိကကျသည့် အခန်းကဏ္ဍ၌ပါဝင်နေပြီး များစွာတိုးတက်မှုရှိသည်ကိုလည်း တွေ့မြင်ရကြောင်း၊ လာရောက် ကြည့်ရှုလေ့လာသူများအနေဖြင့်လည်း စိတ်ပါဝင်စားစွာဖြင့် အများအပြားလာရောက်ကြည့်ရှုလေ့လာကြသည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်လိုပြီး ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များရရှိလာရန်လိုကြောင်း၊ နည်းပညာအရသော်လည်းကောင်း၊ ထုတ်လုပ်မှုအရသော်လည်းကောင်း အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားလာစေရေး ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့လက်ရှိထုတ်လုပ်နေသည့် အရည်အသွေးများ၊ အမျိုးအမည်များ၊ အရေအတွက်များထက် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ယခုပြပွဲသည် မိမိတို့နိုင်ငံအတွက် တန်ဖိုးရှိသည့်ပြပွဲတစ်ခုဖြစ်ပြီး ပွဲတော်ကာလအတွင်း လုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်း၊ လေ့လာမှုများဆောင်ရွက်ခြင်းဖြင့် စီးပွားရေး တိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေခြင်းသည် နိုင်ငံတော်၏ အနာဂတ်တိုးတက်ရေးအတွက် များစွာအရေးကြီးကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေး တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးရန်လို
- ကျောင်းသား ကျောင်းသူများ၏ဘဝအတွက် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရန်လို၊ လူငယ်များအနေဖြင့် ၎င်းတို့ခြေထောက်ပေါ်တွင် ကိုယ်တိုင်ရပ်တည်နိုင်သည့် ပညာရပ်များတတ်မြောက်နိုင်အောင် ဆောင်ရွက်ပေးရမည်
- အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများမဖွင့်လှစ်နိုင်သည့် ဒေသများတွင် လာမည့် ပညာသင်နှစ်အတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်

## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော် ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၉**

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်ရှေ့၌ ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား၊ စီမံဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုအလှသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဒေသထွက်အစားအစာများနှင့် လက်မှုအနုပညာပစ္စည်းဆိုင်ခန်း ၁၈ ခန်း ပါဝင်ကြပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၉

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းခဲ့ကြောင်းသိရှိရပါသဖြင့် မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အဆိုပါ ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခံရခြင်းသည် နိုင်ငံတော်မှ ကြုံတွေ့နေရသောစိန်ခေါ်မှုများအား ကြံ့ကြံ့ခံတွန်းလှန်ဖြေရှင်း၍ ခေါင်းဆောင်မှုပေးနိုင်လျက်ရှိသည်ကို ထင်ဟပ်ဖော်ပြသော အမှတ်လက္ခဏာပင်ဖြစ်ကြောင်း ထူးကဲထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုး၍ အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ပါစေရန် မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းမှ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်း

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၄ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက်)

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှု အခြေအနေ ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍အပိုင်းလိုက် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၃ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၉၉ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၂၉၇ နယ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော် အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် မဲရလဒ်များနှင့် ရာခိုင်နှုန်းများ၊ ပါတီအလိုက်ရရှိသည့် ကိုယ်စားလှယ်အရေအတွက်တို့ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများအလိုက် ပါဝင်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်၊ ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်အရေအတွက်၊ ခိုင်လုံမဲရရှိမှုအခြေအနေ၊ ခိုင်လုံမဲရရှိမှုရာခိုင်နှုန်းနှင့် အနိုင်ရလွှတ်တော် ကိုယ်စားလှယ်အရေအတွက်တို့အား ပူးတွဲပါဇယားအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

ပူးတွဲ။ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေဇယား ( ၂ ) ရွက်

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ

### ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေ

| စဉ် | နိုင်ငံရေးပါတီ/တစ်သီးပုဂ္ဂလ | ပါဝင်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ် | ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် | ခိုင်လုံမဲရရှိမှု စုစုပေါင်း | ခိုင်လုံမဲရရှိမှု ရာခိုင်နှုန်း | အနိုင်ရကိုယ်စားလှယ် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆၈၇ | ၁၀၁၇ | ၅၈၀၄၀၂၅ | ၄၄.၁၉% | ၇၃၉ | |
| ၂ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၄၆၆ | ၆၈၉ | ၁၇၄၄၉၄၃ | ၁၃.၂၈% | ၆၈ | |
| ၃ | ပြည်သူ့ပါတီ | ၃၆၃ | ၄၉၈ | ၁၁၅၅၈၁၇ | ၈.၈၀% | ၃၀ | |
| ၄ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၆ | ၆၆၁ | ၁၀၀၀၈၁၅ | ၇.၆၂% | ၂၀ | |
| ၅ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၃၈၆ | ၅၇၅ | ၈၀၂၄၁၄ | ၆.၁၁% | ၃၉ | |
| ၆ | မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၂ | ၄၂၁ | ၆၉၁၆၂၈ | ၅.၂၇% | ၆ | |
| ၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၂၉ | ၅၀ | ၃၃၁၃၃၁ | ၂.၅၂% | ၁၈ | |
| ၈ | မွန်ညီညွတ်ရေးပါတီ | ၂၄ | ၃၈ | ၁၄၅၇၈၆ | ၁.၁၁% | ၁၇ | |
| ၉ | ကရင်ပြည်သူ့ပါတီ | ၂၀ | ၂၉ | ၁၂၄၈၀၅ | ၀.၉၅% | ၃ | |
| ၁၀ | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ | ၁၇ | ၂၄ | ၁၀၀၈၈၃ | ၀.၇၇% | ၂ | |
| ၁၁ | ခနောင်တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၁၄ | ၂၆ | ၈၁၄၆၅ | ၀.၆၂% | ၅ | |
| ၁၂ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၅၁ | ၇၄ | ၇၄၁၄၂ | ၀.၅၆% | ၃ | |
| ၁၃ | လေဘာပါတီ | ၅ | ၆ | ၅၆၇၁၆ | ၀.၄၃% | | |
| ၁၄ | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | ၃၀ | ၄၄ | ၄၈၉၂၆ | ၀.၃၇% | ၂ | |
| ၁၅ | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ | ၁၅ | ၂၆ | ၄၈၇၀၂ | ၀.၃၇% | ၇ | |
| ၁၆ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇ | ၁၀ | ၄၄၀၃၇ | ၀.၃၄% | ၄ | |
| ၁၇ | ဖလုံ- စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၃ | ၃၄ | ၃၃၇၇၂ | ၀.၂၆% | ၂ | |
| ၁၈ | နာဂအမျိုးသားပါတီ | ၁၁ | ၂၀ | ၃၂၃၈၆ | ၀.၂၅% | ၁၂ | |
| ၁၉ | တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇ | ၂၈ | ၂၉၃၇၅ | ၀.၂၂% | ၄ | |
| ၂၀ | ခေတ်သစ်ပြည်သူ့ပါတီ | ၄ | ၄ | ၂၆၁၂၁ | ၀.၂၀% | | |
| ၂၁ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈ | ၃၁ | ၂၅၄၅၇ | ၀.၁၉% | | |
| ၂၂ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၄ | ၁၆ | ၂၅၂၄၉ | ၀.၁၉% | | |
| ၂၃ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၁၄ | ၂၀ | ၂၅၀၉၈ | ၀.၁၉% | | |
| ၂၄ | ဒီမိုကရက်တစ်ပါတီ | ၉ | ၁၁ | ၂၅၀၀၂ | ၀.၁၉% | | |
| ၂၅ | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၆ | ၆ | ၂၃၁၁၄ | ၀.၁၈% | | |
| ၂၆ | ရခိုင့်ဦးဆောင်ပါတီ | ၁၃ | ၃၂ | ၂၂၅၆၇ | ၀.၁၇% | ၈ | |
| ၂၇ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၂၅ | ၂၁၇၆၅ | ၀.၁၇% | ၃ | |
| ၂၈ | ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ | ၈ | ၁၂ | ၂၀၄၂၉ | ၀.၁၆% | | |
| ၂၉ | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၂ | ၂၇ | ၁၉၉၅၅ | ၀.၁၅% | | |
| ၃၀ | မြန်မာနိုင်ငံတောင်သူ လယ်သမား အလုပ်သမားပြည်သူ့ပါတီ | ၃ | ၃ | ၁၉၈၁၈ | ၀.၁၅% | | |
| ၃၁ | ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ | ၁၄ | ၂၉ | ၁၉၅၆၄ | ၀.၁၅% | ၅ | |
| ၃၂ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၄ | ၂၅ | ၁၈၉၀၁ | ၀.၁၄% | ၆ | |
| ၃၃ | အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၄ | ၄ | ၁၇၃၆၈ | ၀.၁၃% | | |
| ၃၄ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၇ | ၉ | ၁၆၇၆၇ | ၀.၁၃% | | |
| ၃၅ | ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄ | ၁၉ | ၁၄၁၇၃ | ၀.၁၁% | | |
| ၃၆ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉ | ၁၆ | ၁၃၉၇၃ | ၀.၁၁% | ၁ | |
| ၃၇ | အမျိုးသားဒီမိုကရေစီပါတီသစ် | ၂ | ၂ | ၁၂၇၂၅ | ၀.၁၀% | | |
| ၃၈ | ပြည်သူ့အလုပ်သမားပါတီ | ၃ | ၃ | ၁၁၉၈၈ | ၀.၀၉% | | |
| ၃၉ | ပအိုဝ်းအမျိုးသား ညီညွတ်ရေးပါတီ | ၁၈ | ၂၂ | ၁၀၉၆၀ | ၀.၀၈% | ၃ | |
| ၄၀ | မွန်တိုးတက်ရေးပါတီ | ၃ | ၃ | ၉၂၂၅ | ၀.၀၇% | | |
| ၄၁ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၆ | ၉ | ၉၀၈၇ | ၀.၀၇% | | |
| ၄၂ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၁၇ | ၂၉ | ၈၄၆၀ | ၀.၀၆% | ၂ | |
| ၄၃ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၅ | ၂၆ | ၈၀၇၆ | ၀.၀၆% | ၃ | |
| ၄၄ | လူထုပါတီ | ၃ | ၃ | ၇၂၇၈ | ၀.၀၆% | | |
| ၄၅ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၁၅ | ၁၉ | ၆၇၈၆ | ၀.၀၅% | ၂ | |
| ၄၆ | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၂ | ၂ | ၆၃၆၂ | ၀.၀၅% | | |
| ၄၇ | 'ဝ'အမျိုးသားပါတီ | ၄ | ၈ | ၆၃၀၃ | ၀.၀၅% | ၁ | |
| ၄၈ | ပအိုဝ်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈ | ၁၁ | ၆၂၁၀ | ၀.၀၅% | ၁ | |
| ၄၉ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | ၁ | ၁ | ၅၆၉၆ | ၀.၀၄% | | |
| ၅၀ | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၁၁ | ၁၄ | ၅၄၂၇ | ၀.၀၄% | | |
| ၅၁ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | ၅ | ၈ | ၃၁၈၆ | ၀.၀၂% | | |
| ၅၂ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၁ | ၂၂၈၉ | ၀.၀၂% | | |
| ၅၃ | ဇိုမီးအမျိုးသားပါတီ | ၅ | ၁၇ | ၁၆၃၃ | ၀.၀၁% | ၇ | |
| ၅၄ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | ၁ | ၁ | ၁၂၆၈ | ၀.၀၁% | | |
| ၅၅ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၇ | ၂၀ | ၁၂၀၆ | ၀.၀၁% | ၁ | |
| ၅၆ | မြို တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ | ၃ | ၄ | ၅၅၅ | ၀.၀၀၄% | | |
| ၅၇ | ခူမီးအမျိုးသားပါတီ | ၁ | ၁ | ၂၃၁ | ၀.၀၀၂% | | |
| ၅၈ | တစ်သီးပုဂ္ဂလ | ၈၆ | ၉၁ | ၃၀၃၀၈၅ | ၂.၃၁% | ၁ | |
| | စုစုပေါင်း | | ၄၈၅၄ | ၁၃၁၃၅၃၂၅ | ၁၀၀% | ၁၀၂၅ | |

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဒုတိယနေ့တွင် ဒေသခံပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာ



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဒုတိယနေ့ညပိုင်းတွင် နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိရာ ယနေ့ပြပွဲဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ဒေသခံပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာကြသည်။

"မြန်မာနိုင်ငံတစ်ဝန်းမှာ ရှိတဲ့ ဒေသအလိုက် ထုတ်ကုန်တွေ၊ တိုင်းရင်းသားရိုးရာ အစားအစာတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်အထိ သွားစရာမလိုဘဲ တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာပြီး ဝယ်ယူလို့ရတယ်။ ဒါကြောင့် အရင်နှစ်တွေကတည်းက လာဖြစ်တယ်။ အဓိကကတော့ ပစ္စည်းအရည်အသွေး ကောင်းတယ်၊



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အားပေးကြည့်ရှုဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဈေးနှုန်းလည်း အများကြီး သက်သာတယ်။ ဆေးဝါးတွေလည်း ပြသရောင်းချတဲ့အတွက် အခုအိမ်သုံးဆေးဝါးတွေ ဝယ်ယူဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ထုတ်ကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် မရောက်သေးတဲ့သူတွေလာရောက်လေ့လာကြည့်ရှုကြဖို့အကြံပြုပါတယ်" ဟု ပျဉ်းမနားမြို့မှ မစန္ဒာက ပြောသည်။

## အထူးစည်ကား

ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချသည့် ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှု လုပ်ငန်းနှင့် ကုန်ထုတ် သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ ပါဝင်ပြသ



မစန္ဒာ



ဦးမျိုးဆွေ

လျက်ရှိရာ လာရောက်လေ့လာ ကြည့်ရှုသူများဖြင့် အထူးစည်ကား လျက်ရှိသည်။

"ပြပွဲကို လာရောက်ကြည့်ရှုသူ များတယ်။ ပြပွဲလာပြည်သူများတဲ့ အတွက် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေလည်း ပိုပြီး အားတက်ရပါတယ်။ ကျွန်တော်တို့ပြည်နယ်ပြခန်းမှာ ပြည်တွင်း ကုန်ကြမ်းသုံးထုတ်ကုန် ၁၄၅ မျိုး၊ စိုက်ပျိုးမွေးမြူရေး အခြေခံ ထုတ်ကုန် ၃၆ မျိုး၊ OROP ထုတ်ကုန် ၃၀ အပြင် ပူတာအိုခရိုင် ဒေသထွက်ဂရိတ်ဖရု၊ မြစ်ကြီးနား ခရိုင်ဒေသထွက် ကချင်ရိုးရာ အထည်၊ တစ်သျှူးငှက်ပျော၊ ဗန်းမော်ခရိုင်ဒေသထွက် အစေ့ ထုတ်ပြောင်း၊ မြေထောက်ပဲ၊ မိုးညှင်းခရိုင်ထွက် ပဲပုပ်၊ ခေါက်ဆွဲ၊ တနိုင်းခရိုင်ထွက် ဆီမုန်ညင်းနဲ့ ချီဖွေခရိုင်ထွက် သစ်ကြားသီး စတာတွေကို ခင်းကျင်းပြသထားတဲ့အပြင် ဒေသထွက်ကျောက်စိမ်း လက်ဝတ်ရတနာတွေ၊ ပယင်း၊ ရှူဆေး၊ ဖျန်းဆေးနဲ့ လိမ်းဆေး ဆီတွေကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိပါတယ်။ ပြည်တွင်း ကုန်ကြမ်းများကို ၁၀၀ ရာခိုင်နှုန်း အသုံးပြုထားတဲ့ ပြည်နယ်ရဲ့ စားသောက်ကုန် လုပ်ငန်းတွေ၊ ကချင်ရိုးရာ ရက်ကန်းထည်တွေလည်းပါပါတယ်"ဟု ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ပြောကြားသည်။

ထို့ပြင် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပြခန်းများ၊ ကုန်ထုတ် သမဝါယမအသင်းများ ထုတ်ကုန် ပြခန်း၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ပြခန်း၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ပြခန်း၊ SUPREME WATER DOCTOR ပြခန်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများ ကွန်ရက် ပြခန်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ပြခန်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ပြခန်းများတွင် သက်ဆိုင်ရာ ပြခန်းအလိုက် စားသောက်ကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို ဈေးနှုန်းသက်သာစွာ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"အသုံးပြုပြီးသား စွန့်ပစ် ပလတ်စတစ်တွေကို တစ်နိုင်ငံလုံး ကနေဝယ်ယူပါတယ်။ နေရာစုံ ကနေရရှိလာတဲ့ စွန့်ပစ် ပလတ်စတစ် ကုန်ကြမ်းတွေကို ကျွန်တော်တို့စက်ရုံကနေ ပြန်လည်သန့်စင် အမျိုးအစားခွဲခြားပြီး နည်းပညာကို အသုံးပြုပြီးတော့ အဆင့်ဆင့် ဆောင်ရွက်လိုက်တဲ့ အခါ သန့်စင်တဲ့ပလတ်စတစ် ကော်တောင့်တွေ ရရှိပါတယ်။ ဒီဟာကို အသုံးပြုပြီးတော့ စိုက်ပျိုးရေးသုံး တောင်သူတွေကို အကျိုးပြုတဲ့ ရေသွယ်ပိုက်၊ ရေဖျန်းပိုက်အပါအဝင် စိုက်ပျိုးရေးသုံး ပိုက်နဲ့ ပိုက်ဆက်ပစ္စည်းတွေကို ထုတ်လုပ် ရောင်းချပါတယ်။ ကျွန်တော်တို့ ပစ္စည်းတွေကို တောင်သူတွေက သဘောကျပါတယ်။ ရောင်းအားကောင်းပါတယ်။

"ကျွန်တော်တို့ ပစ္စည်းက ပြည်တွင်းက စွန့်ပစ်ပစ္စည်းကို အသုံးပြုထားတယ်၊ သွင်းကုန် အစားထိုးပစ္စည်းအဖြစ် ပြည်ပကနေ ကော်စေ့တင်သွင်းရတဲ့ နိုင်ငံခြားသုံးငွေသုံးစွဲမှု ချွေတာနိုင်ဖို့ အထောက်အကူပေးပါတယ်။ ပြီးတော့ စွန့်ပစ်ပလတ်စတစ်ကို ပြန်ပြီးအသုံးပြုတာမို့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုကို လည်း အထောက်အကူဖြစ်စေပါတယ်။ တောင်သူတွေ အသုံးပြုတဲ့ အခါမှာလည်း အကျိုးကျေးဇူး အများကြီးရှိပါတယ်။ အဓိကကတော့ စိုက်ပျိုးရေကို အလေအလွင့်မရှိဘဲ လိုအပ်သလောက် ထိထိရောက်ရောက် အသုံးပြုနိုင်အောင် အထောက်အကူပေးပါတယ်။ ဒါကြောင့် တောင်သူတွေကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ပြီးတော့ တောင်သူ အကျိုးပြုစီမံကိန်းတွေ၊ လုပ်ငန်းတွေ၊ နည်းပညာတွေကို အထောက်အပံ့ပေးနေတဲ့ စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့၊ လယ်ယာကဏ္ဍနဲ့ သက်ဆိုင်တဲ့ အစိုးရဌာနတွေက တာဝန်ရှိသူတွေကိုလည်း လေ့လာဖို့ဖိတ်ခေါ်ချင်ပါတယ်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နိုင်ငံခြားသားများ လာရောက်လေ့လာဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရစဉ်။

"ကျွန်တော်တို့ကလည်း ဒီလို ပြပွဲကနေ ပိုပြီးကျယ်ပြန့်တဲ့ ဈေးကွက်ကိုရရှိဖို့ မျှော်မှန်းသလို တစ်ဖက်ကလည်း တောင်သူတွေ လက်ထဲကို ပြည်တွင်းလုပ်ငန်းရှင်တွေထုတ်လုပ်တဲ့ အရည်အသွေးမြင့်ပစ္စည်းတွေ ရောက်စေချင်တယ်။ ဒါကြောင့် ပြခန်းကို တောင်သူတွေနဲ့ တာဝန်ရှိသူတွေ၊ ပြည်သူတွေအများကြီး လာရောက်လေ့လာစေချင်ပါတယ်"ဟု New Life Plastic (NLP) Co.,Ltd. မှ ပြခန်းတာဝန်ခံက ပြောသည်။

စာမျက်နှာ ၇ သို့ ✣






# နေပြည်တော်ရင်ပြင်၌ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက်ပြခန်း ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော် ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက် အထိ ကျင်းပသည့် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသ လျက်ရှိသည့် လုပ်ငန်း/ စီးပွား ချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်း ရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်း စတင်တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင် သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေး လျက်ရှိသည်။

**ဝန်ဆောင်မှုများ ပေးလျက်ရှိ**

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင် လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း/ တင်ပို့မှုဆိုင်ရာ ထောက်ခံချက် ကိစ္စရပ်များကို ရှင်းလင်း ဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့၊ MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ/ လက်ကားဆိုင်များဖြစ်သည့် Makro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်း တိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့ အတွက် ပြည်တွင်းရှိ ဘဏ်များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့် ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသည့် ရင်းနှီး မတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်း အဖွဲ့၊ MSME စီးပွားရေး လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင် ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံ တွင် တာဝန်ပေးစေလွှတ်ထား သည့် စီးပွားရေးသံမှူး ၁၆ ဦးတို့ နှင့် ချိတ်ဆက်ဆောင်ရွက်ပေး သည့် ပြည်ပဈေးကွက် ချိတ်ဆက် ရေး လုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိ သည်။

ပြပွဲ ဒုတိယမြောက်နေ့ရက်ဖြစ် သည့် ယနေ့တွင် ဝန်ကြီးဌာနများ နှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ မှ MSME လုပ်ငန်းရှင် ၈၇ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက် ရေးလုပ်ငန်းအဖွဲ့မှ လက်လီ/ လက်ကား ၁၁ ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၄၁ ဦး၊ ရင်းနှီးမတည် ငွေချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ ဘဏ် ၁၃ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၄၀၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၂၀ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၆ မှ

ထို့အတူ ပြည်တွင်းလုပ်ငန်းရှင် များ၏ ရေမှဲ့အီသနောဖြင့် ဇီဝလောင်စာဆီ ထုတ်လုပ်ခြင်း ပြခန်း၊ OK Myanmar စက်မှု လုပ်ငန်းသုံး ရော်ဘာရီလာနှင့် ရော်ဘာပစ္စည်းမျိုးစုံ ထုတ်လုပ်ရေး ပြခန်း၊ ရွှေဦးဝဥတန်ဖိုးမြှင့် ထုတ်ကုန်များပြခန်း အပါအဝင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင် ရေးပြခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ထုတ်ကုန်ပြခန်း၊ ရိုးမ အသေးစားစက်မှုလက်မှု ထုတ်ကုန်ပြခန်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ပြခန်း၊ CMP ထုတ်ကုန် များပြခန်းတို့တွင် သက်ဆိုင်ရာ ပြခန်းအလိုက် ထုတ်ကုန်များကို အမျိုးအမည်စုံလင်စွာ ခင်းကျင်း ပြသထားသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ ပြခန်းများအလိုက် စုံလင်စွာ ခင်းကျင်းပြသထားမှုများ ကို ပြည်သူများက စိတ်ဝင်တစား လာရောက်လေ့လာ ကြည့်ရှုလျက် ရှိရာ ပြခန်းတာဝန်ရှိသူများက ပြသထားသည့် ထုတ်ကုန်များနှင့် သက်ဆိုင်သော အချက်အလက် များ၊ ဒေသထွက် ကုန်ကြမ်းများကို အခြေခံထား အသုံးပြုမှုများ၊ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ များကို ရှင်းလင်းဆွေးနွေးပေး လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသား ရိုးရာအစားအစာ အရောင်းဆိုင်များ တွင်ဒေသအလိုက်အစားအသောက် များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက် ကုန်ပစ္စည်းများနှင့် တိုင်းရင်းသား ရိုးရာဝတ်စုံများကို ပြည်သူများ အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူအားပေးသူ ပြည်သူများ ဖြင့် ကြိတ်ကြိတ်တိုးစည်ကား လျက်ရှိသည်။

**ကခုန်ကြရင်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ညပိုင်းတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေ နိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များ ကို ထည့်သွင်းကျင်းပလျက်ရှိပြီး နိုင်ငံကျော်အနုပညာရှင်များ၏ ပရိသတ်အကြိုက် တေးသီချင်း များဖြင့် မြူးမြူးကြွကြွ သီဆိုကပြ ဖျော်ဖြေမှုများတွင် ပြည်သူများက လိုက်ပါသီဆို ကခုန်ကြရင်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက် ရှိသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်း ပွဲတော်ပထမနေ့တွင် လာရောက် လေ့လာကြည့်ရှုကြသည့် ပြည်သူ ၈၂၀၀၀ ကျော်ရှိခဲ့ပြီး ယနေ့ပြပွဲ ဒုတိယနေ့သို့ ပြည်သူ ၇၆၀၀၀ ကျော် လာရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-အောင်မင်းဟန်**
**ဓာတ်ပုံ-ကိုကြီးထိန်**
**အောင်မင်းထွန်း**

---

☆ စာမျက်နှာ ၂၄ မှ



ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာ သင်နှစ် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာ သင်တန်းနှင့် တန်းမြင့်စစ်ပညာ သင်တန်းဖွင့်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေတွင် လည်း ကောင်း၊ ရှမ်းပြည်နယ်(တောင် ပိုင်း) တောင်ကြီးမြို့တွင်လည်း ကောင်း၊ မွန်ပြည်နယ် မော်လမြိုင် မြို့တွင် လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တွင်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့တွင် လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် လည်း ကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြား တပ်များ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်း တာဝန်ခံ အရာရှိများ၊ သင်တန်း ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ ပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူ များက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူး များနှင့် တက်ရောက်လာကြသူ များက သက်ဆိုင်ရာ တိုင်းဒေသ ကြီးနှင့်ပြည်နယ်များရှိ တက္ကသိုလ် လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှု အားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက်တိုင်းဒေသ ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ် ရာ တာဝန်ရှိသူများက လက်ခံရယူ ကြသည်။

ယခုဖွင့်လှစ်သော သင်တန်း များအနေဖြင့် ပထမနှစ် အခြေခံ စစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမ နှစ် တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ် တန်းမြင့်စစ်ပညာ သင်တန်းတို့ဖြစ်ပြီး သာမန် သင်တန်းချိန်နှင့် စခန်းချလေ့ကျင့် ချိန်အလိုက် သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# အိုင်တီနည်းပညာဆန်းသစ်တီထွင်မှုဥယျာဉ်သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် သွားရောက်ကြည့်ရှု



**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် သမ္မတ ရှီကျင့်ဖျင်သည် ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းတွင် ပေကျင်းမြို့တော်ရှိ သတင်းအချက်အလက်နည်းပညာ(အိုင်တီ) ဆန်းသစ်တီထွင်မှုဥယျာဉ်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါဥယျာဉ်သို့ ရောက်ရှိစဉ် သမ္မတ ရှီကျင့်ဖျင်သည် သတင်းအချက်အလက်နည်းပညာ အသုံးချမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခြေအနေများကို လေ့လာခဲ့ပြီး နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှုဗဟိုဌာနတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ပေကျင်းမြို့၏ အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များကို နားထောင်ခဲ့သည်။

ထို့ပြင် သမ္မတရှီသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုရလဒ်များ ပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သုတေသနပညာရှင်များ၊ နည်းပညာလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောခဲ့ကြောင်း သိရသည်။

Mon

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# လူလိုက်ပါသော ပါကစ္စတန် အာကာသခရီးစဉ်စီမံကိန်းအတွက် တရုတ်နိုင်ငံက ကိုယ်စားလှယ်လောင်းနှစ်ဦးကို အတည်ပြုရွေးချယ်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၉**

ပါကစ္စတန်နိုင်ငံ၏ လူလိုက်ပါသော အာကာသခရီးစဉ်စီမံကိန်းအတွက် တရုတ်နိုင်ငံ အာကာသယာဉ်မှူး ဗဟိုဌာနက ကိုယ်စားလှယ်လောင်းနှစ်ဦးကို အတည်ပြုရွေးချယ်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန် အာကာသနှင့် အထက်လေထုသုတေသနကော်မရှင်နှင့် တရုတ်နိုင်ငံ လူလိုက်ပါသော အာကာသအေဂျင်စီတို့သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူညီချက်အရ ပါကစ္စတန်နိုင်ငံသားနှစ်ဦးသည် တရုတ်နိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်ရမည်ဖြစ်ပြီး ၎င်းတို့အနက် တစ်ဦးမှာ ပေကျင်းအခြေစိုက် တီယန်ဂေါင်အာကာသစခန်းတွင် တာဝန်ထမ်းဆောင်မည့် အာကာသခရီးစဉ်၌ ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

အာကာသယာဉ်မှူးလောင်းများရွေးချယ်ခြင်း ဒုတိယအဆင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပါကစ္စတန်၏ လူလိုက်ပါသော အာကာသခရီးစဉ်စီမံကိန်းအတွက် အရေးပါသည့် မှတ်တိုင်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံအတွင်း ပဏာမစိစစ်မှုများပြုလုပ်ပြီးနောက် နိုင်ငံတကာအာကာသခရီးစဉ်စံနှုန်းများနှင့်အညီ တရုတ်နိုင်ငံအာကာသယာဉ်မှူး ဗဟိုဌာနတွင် ဆေးဘက်ဆိုင်ရာစစ်ဆေးမှု၊ စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှုနှင့် အရည်အချင်းစစ်ဆေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါ ကိုယ်စားလှယ်လောင်းများကို အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon




# လပေါ်တွင် အခြေချနေထိုင်မှုစခန်း တည်ဆောက်ရေးကို အီလွန်မတ်စ် ဦးစားပေးလုပ်ဆောင်သွားမည်ဟု ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်အာကာသယာဉ်လုပ်ငန်းစုအနေဖြင့် အင်္ဂါဂြိုဟ်သို့ လူသားများစေလွှတ်မည့် ရေရှည်ရည်မှန်းချက်ကို ခေတ္တဆိုင်းငံ့ထားပြီး လကမ္ဘာပေါ်တွင် အခြေချနေထိုင်မှုစခန်း တည်ဆောက်ရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တည်ထောင်သူ အီလွန်မတ်စ်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

တောင်အာဖရိကဖွား ဘီလီယံနာပိုင်ဆိုင်သည့် အဆိုပါအာကာသကုမ္ပဏီသည် နာဆာ၏ ကန်ထရိုက်တာအဖြစ် ကြီးမားသော အောင်မြင်မှုများ ရရှိထားသော်လည်း မတ်စ်၏ အင်္ဂါဂြိုဟ်အခြေချရေးစီမံကိန်းမှာ ရည်မှန်းချက်ကြီးလွန်းလှသည်ဟု ဝေဖန်သူများက နှစ်ပေါင်းများစွာ ရှုတ်ချခဲ့ကြသည်။

အဆိုပါ ပြောင်းလဲပြင်ဆင်မှုကြောင့် အီလွန်မတ်စ်၏ လုပ်ဆောင်ချက်မှာ အမေရိကန်နိုင်ငံသားများကို အင်္ဂါဂြိုဟ်သို့ စေလွှတ်မည့် အစီအစဉ်မှ လွှဲဖယ်လာသည့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ မူဝါဒအပြောင်းအလဲနှင့် တစ်သားတည်းဖြစ်လာကြောင်း သိရသည်။ Mon



# ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲပြီးဆုံး ဝန်ကြီးချုပ် အနူတင်ချာန်ဝီရာကူးလ် အနိုင်ရရှိ

**ဘန်ကောက် ဖေဖော်ဝါရီ ၉**

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ဂျူးရိုးဇ်ပါတီများက ပြိုင်ဘက်များထက် သာလွန်လျက်ရှိသည်ဟု ပဏာမမဲစာရင်းများအရ သိရှိရပြီးနောက် ဝန်ကြီးချုပ် အနူတင်ချာန်ဝီရာကူးလ်က ရွေးကောက်ပွဲအနိုင်ရရှိသည်ဟု ထုတ်ဖော်ကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြုပြင်ပြောင်းလဲရေးလိုလားသည့် ပြည်သူ့ပါတီက ရှေ့တန်းမှဦးဆောင်နေကြောင်း ခန့်မှန်းချက်များကို ကျော်လွန်၍ မိမိတို့ပါတီက ရလဒ်ကောင်းများရရှိခဲ့ပြီးနောက် ယခုအောင်မြင်မှုသည် မိမိတို့ပါတီအား မဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ထိုင်းနိုင်ငံသားအားလုံးနှင့် သက်ဆိုင်ကြောင်း ဝန်ကြီးချုပ် အနူတင်က ပြောကြားသည်။

မဲအရေအတွက် ၉၀ ရာခိုင်နှုန်းကို ရေတွက်ပြီးစီးချိန်တွင် အနူတင်၏ ဘွန်ဂျိုင်ထိုင်းပါတီသည် ဘန်ကောက်မြို့ရှိ အမတ်နေရာ ၅၀၀ ပါဝင်သော လွှတ်တော်၌ ၁၉၄ နေရာ အနိုင်ရရှိရန် ခန့်မှန်းထားပြီး ပြည်သူ့ပါတီမှာမူ ၁၁၆ နေရာဖြင့် ဒုတိယနေရာတွင် ရှိနေသည်။

ပြည်သူ့ပါတီခေါင်းဆောင် နာထာဖုန်းရှုယင်ပန်ညာဝပ်က ဝန်ကြီးချုပ် အနူတင်အနေဖြင့် အစိုးရဖွဲ့နိုင်ပါက မိမိတို့အနေဖြင့် အတိုက်အခံပါတီအဖြစ် တာဝန်ထမ်းဆောင်ရန် အသင့်ရှိသည်ဟု ပြောကြားကာ ရွေးကောက်ပွဲတွင် ရှုံးနိမ့်မှုကို ဝန်ခံလိုက်ကြောင်း သိရသည်။ Mon

STOP AIDS

## မက္ကဆီကိုတောင်ပိုင်း၌ ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတွင် ဖေဖော်ဝါရီ ၈ ရက်က ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်မှုဖြစ်ပွားကြောင်း မက္ကဆီကို အမျိုးသားငလျင်တိုင်းတာရေးဌာနက ပြောကြားသည်။ အဆိုပါ မြေငလျင်သည် နိုင်ငံတောင်ပိုင်း အိုအာဟားကားပြည်နယ်ရှိ ကမ်းရိုးတန်းမြို့ဖြစ်သော ပွေတိုအက်စကွန်ဒီဒို၏ အရှေ့မြောက်ဘက် ၁၄ ကီလိုမီတာအကွာ မြေအောက်အနက် ၁၇ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မြေငလျင်လှုပ်ခတ်မှုကို ပွေတိုအက်စကွန်ဒီဒိုနှင့် အခြားသောမြို့များတွင် ပြင်းထန်စွာသိရှိခံစားခဲ့ကြရကြောင်း၊ လက်ရှိအချိန်အထိ ထိခိုက်သေဆုံးမှုဖြစ်ပွားခြင်း မရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

## ချီလီနိုင်ငံမြောက်ပိုင်း၌ ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်

ချီလီနိုင်ငံ မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၃ မိနစ်က ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားကြောင်း အာဏာပိုင်များက ပြောကြားသည်။ ယင်းမြေငလျင်လှုပ်ခတ်မှုကြောင့် လက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။ အဆိုပါငလျင်မှာ တာရာပါကာဒေသတွင် မြေအောက်အနက် ၁၂၁ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆူနာမီ အန္တရာယ်မရှိကြောင်းနှင့် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ရွေးကောက်ပွဲအောင်နိုင်ခဲ့ပြီးနောက် နံနက်ပိုင်းတွင် ဂျပန်စတော့ရှယ်ယာဈေးနှုန်းများ စံချိန်တင်မြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၉**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆာနာအဲတာကာအီချီ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) သည် သမိုင်းဝင်ရွေးကောက်ပွဲ အောင်နိုင်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်း ဈေးကွက်များဖွင့်လှစ်ချိန်၌ ဂျပန်စတော့ ရှယ်ယာဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အောက်လွှတ်တော်အမတ်နေရာ ၄၆၅ နေရာအနက် ၃၁၆ နေရာကို အနိုင်ရရှိခဲ့ပြီး ယင်းမှာ ၁၉၄၇ ခုနှစ်တွင် လက်ရှိပုံစံဖြင့် ဂျပန်လွှတ်တော်ကို စတင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း ပါတီတစ်ခုတည်းက အောက်လွှတ်တော်၏ သုံးပုံနှစ်ပုံကျော်ကို ပထမဆုံးအကြိမ်အဖြစ် အပြတ်အသတ်အနိုင်ရရှိခြင်းဖြစ်သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ မဟာမိတ်ဖြစ်သော ဂျပန်ပြုပြင်ပြောင်းလဲရေးပါတီသည်လည်း မဲဆန္ဒနယ် ၃၆ ခုတွင် ထပ်မံအနိုင်ရရှိခဲ့သောကြောင့် ၎င်းတို့မဟာမိတ်အဖွဲ့၏ စုစုပေါင်း အမတ်နေရာမှာ ၃၅၂ နေရာအထိ ရှိလာခဲ့သည်။

ယခုကဲ့သို့ အပြတ်အသတ်အနိုင်ရရှိမှုသည် ဝန်ကြီးချုပ် တာကာအီချီအတွက် အောင်မြင်မှုတစ်ခုဖြစ်ပြီး ၎င်းအနေဖြင့် အရှိန်အဟုန်နှေးကွေးနေသော ဂျပန်နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်နှင့် မြင့်တက်လာသော လူနေမှုစရိတ်အခက်အခဲများကိုဖြေရှင်းရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Mon



# မန္တလေးမြို့ မဟာမုနိဘုရားကြီး (၃၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား (၃၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးရှိ ဗုဒ္ဓဝင်ဗိမာန်ကွင်းတွင် ကျင်းပရာ တောင်ထီးလင်းတိုက်၊ သဲကုန်းကျောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ် ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြုသော ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘုရားဖူးပြည်သူများတက်ရောက်ကြသည်သို ကြပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

၄င်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘုရားအမှူးပြုသော မဟာမုနိရုပ်ရှင်တော်မြတ် ရေတော်ဆရာတော်နှင့် လေးပြင်လေးရပ်မှ ပင့်ဆရာတော် သံဃာတော် အပါး ၅၅၀ တို့အား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွမ်းဆန်စိမ်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို အလှူရှင်များနှင့်အတူ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀







# မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၅၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့် လမ်း ၇၀ကြား တွင်နေထိုင်သည့်ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်များနှင့် သာမဏေများအား ဘုံဆွမ်းလောင်းလှူလျက်ရှိသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၂၀၀ ကျော်တို့အား ယနေ့ နံနက်ပိုင်းက (၁၅၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငနီသူ(ငါးနီတူ)မရမ်းသီးချက်၊ ပဲစိမ်းနှပ်နှင့် ကော်ဖီမစ်ထုပ်များကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြသည်။ (ဝဲပုံ)

အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်များနှင့် သာမဏေများအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံး ပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ယနေ့ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဖူဆယ်ဘောလုံးကွင်းတွင် ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။



အကြိုဗိုလ်လုပွဲစဉ် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြရာ ပထမပွဲစဉ်တွင် အုပ်စု(က) ပထမ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီး ဌာနအသင်းက ၁၁ ဂိုးနှင့် အုပ်စု(ခ) ဒုတိယ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး)အသင်း နှစ်ဂိုးတို့ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် (ခ)အုပ်စု ပထမ ဖြစ်သည့် ဈေးနှင့်သားသတ်ဌာနအသင်းက ခုနစ်ဂိုးနှင့် (က)အုပ်စု ဒုတိယ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီအသင်းက ခြောက်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီ ပထမပွဲစဉ်တွင် တတိယ နေရာလုပွဲကို အုပ်စု(ခ)မှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)အသင်းနှင့် အုပ်စု(က)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်း တို့ကလည်းကောင်း၊ ဒုတိယ ပွဲစဉ်တွင် ဗိုလ်လုပွဲကို အုပ်စု(က) မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအသင်းနှင့် အုပ်စု(ခ) ဈေးနှင့် သားသတ်ဌာနအသင်း တို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

# မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ဟံသာဝတီသတင်းစာ အစောင် ၁၀၀ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ယနေ့မွန်းလွဲ ၃ နာရီက ဟံသာဝတီသတင်းစာ အစောင် ၁၀၀ ကို လာရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ မန္တလေးနေ့စဉ်သတင်းစာ မြို့နယ်သတင်းထောက် (ဦးထွဏ်းလှအောင်)+ဒေါ်တင်မာရီ မိသားစုကိုယ်စား စာရေးဆရာ မြောက်ပြင်တော်က ကိုရွှေမော်နှင့် ကာတွန်းဖိုးချစ်တို့က ဟံသာဝတီသတင်းစာအစောင် ၁၀၀ ကို လှူဒါန်းရာ သတင်းစာဌာနခွဲ ဌာနခွဲမှူး ဒေါ်စန္ဒာကိုလေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄ဝ)

၀-၀-၀-၀

၀-၀-၀-၀-၀



# မန္တလာတက္ကသိုလ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဈေးရောင်းပွဲတော်နှင့် ပဒေသာကပွဲအခမ်းအနားပြုလုပ်






**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလာတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဈေးရောင်းပွဲတော်နှင့်ပဒေသာကပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါတက္ကသိုလ် ပရိဝုဏ်အတွင်းရှိ မန္တလာတက္ကသိုလ်အဓိပတိလမ်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီးနောက် ဘာသာရပ်အသီးသီးမှ ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုပဒေသာကပွဲအခမ်းအနားကို မိုးလုံလေလုံအားကစားခန်းမတွင် ပြုလုပ်ရာ မန္တလာတက္ကသိုလ်အနုပညာအသင်းကျောင်းသား၊ ကျောင်းသူများက မြကျွန်းညီညီုတက္ကသိုလ်တေးသီချင်းဖြင့် သီဆိုကြပြီး (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုစာစီစာကုံး၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် တိုင်းဒေသကြီးဥပဒေချုပ်၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီးနောက် ဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားရိုးရာအက၊ အလှ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## ချမ်းအေးသာစံမြို့နယ်၌ လေျာင်ဘေးသင့် လူနေအိမ်များအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၉**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်းများ ပေးအပ်ခြင်းကို ချမ်းအေးသာစံမြို့နယ်၊ မင်္ဂလာဈေးဟောင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် တစ်စိတ်တစ်ပိုင်းနှင့်လုံးဝပျက်စီးခဲ့ရသော ဝါးထရံကာအိမ်များ၊ တိုက်ခံအိမ်များ၊ ကွန်ဒိုများအား ထောက်ပံ့ငွေ၊ ဘိလပ်မြေ၊ သွပ်နှင့်သံချောင်းများအား သက်မှတ်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ ငလျင်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်နိုင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ငလျင်ဒဏ်သင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

၀-၀-၀-၀-၀

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဗထူးမိုးလုံလေလုံအားကစားကွင်းတွင် ကျင်းပပြုလုပ်သည်။

ပြိုင်ပွဲတွင် အသင်းခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအဖြစ် လျှပ်စစ်၊ တိုင်းအား/ကာ၊ အား/ကာသိပ္ပံ၊ ကျေးလက်လမ်း၊ မန်းစည်ပင်၊ မီးသတ်စသည့် အသင်းများက ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်များတွင် ပတ်လည်ကစားမည်ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းများအနေဖြင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်းကောင်း၊ ဖိုင်နယ်ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-ဓ)



အိမ်ပြင်ပ၌ ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ။



## ဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံလွန်ဆွဲပြိုင်ပွဲကို ယနေ့နံနက် ၈နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အားကစားကွင်းတွင် ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ နည်းပြများနှင့် အားကစားသမားများ ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

လွန်ဆွဲပြိုင်ပွဲများကို ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းက တစ်ပွဲနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်းက နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)အသင်းတို့က ဗိုလ်လုပွဲကိုလည်းကောင်း၊ တတိယနေရာလုပွဲကို တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံလွန်ဆွဲပြိုင်ပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းနှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆိုက်ကား၊ မြင်းလှည်းလိုင်စင်သစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆိုက်ကား၊ မြင်းလှည်း လိုင်စင်သစ်လဲလှယ်မှုလုပ်ငန်းအား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့မှစတင်၍ နေ့စဉ် နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၁၃:၀၀) နာရီအချိန်ထိ မဟာအောင်မြေမြို့နယ်၊ ၃၅×၇၁လမ်းထောင့်ရှိ အနေးယာဉ်ဌာနခွဲရုံးတွင် အောက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ဆောင်ရွက်မည့်မြို့နယ် | စစ်ဆေးမည့်နေ့ရက် | |
|---|---|---|---|
| (က) | အောင်မြေသာစံမြို့နယ် | ၁၈.၂.၂၀၂၆ မှ | ၂၀.၂.၂၀၂၆ ထိ |
| (ခ) | ချမ်းအေးသာစံမြို့နယ် | ၂၃.၂.၂၀၂၆ မှ | ၂၅.၂.၂၀၂၆ ထိ |
| (ဂ) | မဟာအောင်မြေမြို့နယ် | ၂၆.၂.၂၀၂၆၊ ၂၇.၂.၂၀၂၆ | ၃.၃.၂၀၂၆ ထိ |
| (ဃ) | ချမ်းမြသာစည်မြို့နယ် | ၄.၃.၂၀၂၆ မှ | ၆.၃.၂၀၂၆ ထိ |
| (င) | ပြည်ကြီးတံခွန်မြို့နယ် | ၉.၃.၂၀၂၆ မှ | ၁၁.၃.၂၀၂၆ ထိ |
| (စ) | အမရပူရမြို့နယ် | ၁၂.၃.၂၀၂၆၊ ၁၃.၃.၂၀၂၆ မှ | ၁၆.၃.၂၀၂၆ ထိ |
| (ဆ) | (၆)မြို့နယ်(လက်ကျန်ရှင်း) | ၁၇.၃.၂၀၂၆ မှ | ၁၉.၃.၂၀၂၆ ထိ |

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ယူနန်ပြည်နယ်မှ နေစွမ်းအင်သုံးလျှပ်စစ်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်၊ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ "စိတ်ချင်းဆက်နွယ် ယူနန်ပြည်နယ်" အစီအစဉ်အရ လှူဒါန်းသော နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း လှူဒါန်းပြီးစီး၍ လုပ်ငန်းအပ်နှံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။




အခမ်းအနားတွင် အခြေခံပညာဦးစီးဌာန နေပြည်တော် ပျဉ်းမနားခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်အေး၊ အလှူရှင် ယူနန်ပြည်နယ် YUNNAN PROVINCIAL PEOPLE'S ASSOCIATION FOR FRIENDSHIP WITH FORGEN COUNTRIES နှင့် FOREIGN AFFAIRS OFFICE OF QUJING တို့၏ ကိုယ်စား SUNSHINE ENERGY TECHNOLOGY Co.,Ltd. မှ ဒေါ်ကြည်လင်းနှင့် INTERIM LIAISON OFFICE မှ FIRST SECRETARY ZHANG ZHONGHU တို့က အမှာစကားပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဒေါ်ကြူကြူမြင့်ထံ နေစွမ်းအင်သုံးပစ္စည်းများ၊ လုပ်ငန်းပြီးစီးခြင်း စာရွက်စာတမ်းများနှင့် ဂုဏ်ပြုလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ယင်းနောက် MYANMAR TRADE CENTRE (MTC) မှ ဦးဝင်းနောင်က လှူဒါန်းမှုဆိုင်ရာလုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ရှေ့နေကြီး ဦးအောင်ကျော်နိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် လှူဒါန်းခဲ့သော ပစ္စည်းများမှာ ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ဆိုလာချပ်ရေ ၈၀၊ ဘက်ထရီအင်ဗာတာ သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်ပြီး လျှပ်စစ်ထုတ်လုပ်နိုင်မှုမှာ ၉ ဒသမ ၂၄ ကီလိုဝပ်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ရေနံချောင်း ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းကွဲကျေးရွာအုပ်စု၊ ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈၉ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖောင်းကွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၉၉သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦး ငွေကျပ်သိန်း ၁၉၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နော်လူး

## လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြို့သစ် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် လေပြင်းဘေးအန္တရာယ်ကျရောက်ပျက်စီးနိုင်သော လူနေအိမ် ၁၅၀ လုံးအတွက် အမိုးအကာများအား ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့၏ လေပြင်းဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က လေပြင်းဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာများ ရွေးချယ်မှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ပြောကြား၍ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုထွေးက လေပြင်းဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဦးစားပေးအလိုက် ရွေးချယ်ရမည့် အိမ်ခြေများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လေပြင်းဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စု၊ရေပြည့်ကျေးရွာနှင့်နတ်ရွာ ကျေးရွာတို့မှ အမိုး၊ အကာများ ပြင်ဆင်ရန် လိုအပ်သော အိမ်ခြေ ၁၅၀ လုံးအား အိမ်ဆောက်ပစ္စည်းများဖြစ်သည့် ဝါး၊ ထရံနှင့်လိုအပ်သည်များ ဝယ်ယူအသုံးပြုရန်အတွက် လူနေအိမ်တစ်လုံးလျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၅၀၀၀၀၀ အား ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

*-*-*-*-*



## အစိမ်းရောင်ခရမ်းရှည်သီးမျိုး စိုက်ပျိုးသူများ ဈေးကောင်းရသဖြင့် အဆင်ပြေလျက်ရှိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့အနေဖြင့် ဆည်၊ မြောင်းများ ပေါများ၍ နှစ်ပတ်လည် စိုက်ပျိုးရေများရရှိသည့်အတွက် တောင်သူများအနေဖြင့် ရာသီအလိုက်သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်းနှင့် ပင်တလည်ကျေးရွာမှ တောင်သူ ဦးဆန်းဝင်း စိုက်ပျိုးထားသော အစိမ်းရောင် ခရမ်းအရှည်သီးမျိုးပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိသဖြင့် အဆင်ပြေလျက်ရှိသည်။



ခရမ်းသီးနှံသည် မျိုးကွဲများစွာရှိပြီး စိုက်ပျိုးသူများအနေဖြင့် ဈေးကောင်းရရှိမည့် ခရမ်းမျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ခူးဆွတ်ချိန်၌ ဈေးကွက်မကောင်းပါက အရှုံးနှင့်ရင်ဆိုင်ရသည့် တောင်သူများလည်းရှိကြောင်း၊ ခရမ်းစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အပင်သေပျောက်မှု မရှိစေရေး ခရမ်းမျိုးစေ့များကို ဦးစွာ သီးသန့်ပျိုးထောင်ပြီး ပျိုးပင်သက်တမ်းတစ်လသား အရွယ်တွင် သန်မာသည့် မျိုးပင်များကို ရွေးချယ်၍ စိုက်ပျိုးရန် မြေပြုပြင်ထားသော စိုက်ကွင်းသို့ ပြောင်းရွှေ့စိုက်ပျိုးကြောင်း ခရမ်းစိုက်တောင်သူ ဦးမြင့်မောင်က ပြောသည်။

စိုက်ပျိုးရာ၌ တစ်ပင်နှင့်တစ်ပင် ငါးပေအကွာခန့်စိုက်ပျိုးပြီး အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းမြက်ရှင်းခြင်းပြုလုပ်ပေးရ၍ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် သုံးကြိမ်ခန့် အပင်အခြေများတွင် အာမိုမြေဩဇာနှင့် လဲမြေဩဇာရောစပ်၍ သင့်တင့် ရုံကြဲပက်၍ အစိုဓာတ်မပြတ် ရေသွင်းပေးရကြောင်း၊ လိုအပ်သည့်အချိန်များတွင် အပင်အားတိုးဆေး၊ပိုးနှင့်ဆေး၊ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်း၊ ခရမ်းပင်သည် အဆက်မပြတ်သီးသည့် သီးနှံပင်ဖြစ်သည့်အတွက် နှစ်ရက်ခြား၊ သုံးရက်ခြား တစ်ကြိမ် ခူးဆွတ်ရောင်းချရကြောင်း ခရမ်းအပင် ၅၀၀ စိုက်ပျိုးထားသည့် ရန်ပုံနှစ်ကျေးရွာမှ ဦးတင်ထွန်းက ပြောသည်။

(ဓဲပုံ)

(၄၈၅)

၀-၀-၀-၀-၀

## အခြေခံ ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းသာလှ ဆေးကုသမှုဆေးပေးခန်း ပရဟိတ အဖွဲ့နှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ် ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံရှေးဦးပြုစုခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲနှင့် အလှူငွေပေး အပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ဓမ္မစကြာဇိမာန် ကျောင်းတိုက်အတွင်းရှိ ချမ်းသာလှ ဆေးကုသမှုဆေးပေးခန်း ပရဟိတ အဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီ အဖွဲ့ဝင်(၂) ဦးညွန့်ဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်ခိုင် ဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်း၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှု ရေးအသင်းများ၊ အလှူရှင်များ တက်ရောက်ကြသည်။



အစီအစဉ်အရ ချမ်းသာလှ ဆေးကုသမှုဆေးပေးခန်းပရဟိတ အဖွဲ့ နာယက ဦးထွန်းခင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေး ကော်မတီအဖွဲ့ဝင်(၂)နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အလှူရှင် ဦးမျိုးသန့်+ဒေါ်အိအိ မွန်၊ (သမီး)မမျိုးပိုပိုချစ်၊ မမျိုး ပိုပိုနှစ် (မျိုးမြန်မာ မျိုးစပါးဖြန့်ချိ ရေးနှင့် ဘက်စုံစိုက်ပျိုးရေး) မိသားစုက အလှူငွေ ၂၅သိန်းကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးဟန် ထွန်းက လက်ခံရယူပြီး ဂုဏ်ယူ မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။ ထို့နောက် အလှူရှင်အသီး သီးက လှူဒါန်းကြရာ တာဝန် ရှိသူများက လက်ခံရယူကြသည်။ အဆိုပါသင်တန်းများကို ဖေဖော် ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ၈ နာရီ အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ် ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၉၁)

*-*-*-*-*



## ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဈ)ရပ်ကွက်၊ ကနောင် ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက နိုင်ငံတော်မှထောက်ပံ့ ပေးအပ်သည့် မန္တလေးလျှပ်ဒဏ် ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နေ အိမ်အဆောက်အအုံများအတွက် ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်း များ ပေးအပ်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီမှကြီးမှူး၍ ကျင်းပ ခဲ့သည်။

ရှေးဦးစွာ ပြည်ကြီးတံခွန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီအဖွဲ့ဝင် ဦးသောင်း နိုင်က ထောက်ပံ့ငွေနှင့် ထောက်ပံ့ ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်၊ (၁၈) ရပ်ကွက်အတွင်းရှိ မန္တလေးလျှပ် ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ သော တစ်စိတ်တစ်ပိုင်းနှင့် လုံးဝ ပျက်စီးခဲ့သော တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်၊ သုံးထပ်တိုက် နေအိမ်များအတွက် သွပ်၊ ဘိလပ် မြေ၊ သံချောင်းနှင့် ငွေသား ချက် လက်မှတ်များအား မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီအဖွဲ့ဝင်များက မိသားစုဝင် ပြည်သူများထံ ထောက်ပံ့ပေး အပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ပြည်ကြီးတံခွန်မြို့နယ် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ (၁၈)ရပ်ကွက် အုပ်ချုပ် ရေးမှူးများနှင့် ရပ်ကွက်နေ မိသားစု ဝင်ပြည်သူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

*-*-*-*-*

---

**တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊**
**ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမျှ၊ သဏ္ဍာန်လှပ၊ ပန်းရလိမ့် ။**

---

## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၉**

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီး တည် ထောင်ဖွင့်လှစ်တော်မူခဲ့သည့် နန်းတော်ရှေ့ ဒေါနဘွားရပ်ကွက် ရှိ ဇီဝိတဒါနသာသနာ့အထူးကု ဆေးရုံကြီးသို့ အလှူရှင် မူဆယ် မြို့နေ ဦးကျော်နိုင်ထွန်း၊ ဦးဗိုလ် ဇော်နိုင်၊ ဦးကျော်ထွန်းလင်း၊ ဦးတင်ဝင်းညို၊ ဦးရဲဝံ့တို့က အထွေထွေဝေယျာဝစ္စတွင် သုံးစွဲ နိုင်ရန် အလှူငွေကျပ် လေးသိန်း ငါးသောင်းကို ယမန်နေ့က ဆေးရုံ အလှူခံဌာနတွင် လာရောက် လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူ ပြီး ကျေးဇူးတင်စကားပြောကြား ကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကု ဆေးရုံကြီး(မန္တလေး)သို့ ဆွမ်း ပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်း လိုပါက ၆၂လမ်းနှင့် ၁၅လမ်း ထိပ်ရှိ ဆေးရုံအလှူခံဌာန၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက် သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၁)**




## တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးအတွက် ယနေ့ နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၀၀ ကျော်တို့နှင့်အတူ တောင်တွင်းကြီး ပြည်သူ့ဆေးရုံ ကြီးဝင်း အတွင်း၊ အပြင် အမှိုက် များ ရှင်းလင်းခြင်း၊ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေမြောင်းများ အတွင်းရှိ အမှိုက်များ ဆယ်ယူ ရှင်းလင်းခြင်း စသည့် သန့်ရှင်း ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သန့်ရှင်းရေးဆောင်ရွက်သူများကို မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ နံနက် စာအဖြစ် လက်ဖက်ရည်နှင့် ကောက်ညှင်းပေါင်းများကို လိုက် လံဝေငှပြီး ဧည့်ခံကျွေးမွေးခဲ့သည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင် များက ကြည့်ရှုအားပေးစကား ပြောကြားကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တောင်တွင်းကြီးမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(ဗိသုကာမြေ)**

*-*-*-*-*

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေး သားသတ်လိုင်စင် ငါးခုအား အခြားနည်းဖြင့် လေလံတင်ရောင်းချ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာ ရေးနှစ်အတွက် ရောင်းချရန် ရှိသည့် အရပ်ရပ်အခွင့်အရေး လိုင်စင် ၁၉ ခုအနက်မှ လုပ်ငန်း ရှင်များက ဝယ်ယူလုပ်ကိုင်ရန် လျှောက်လွှာတင်သွင်းလာသည့် သားသတ်လိုင်စင်ငါးခုကို အခြား နည်းဖြင့် လေလံတင်ရောင်းချပေး ခြင်းကို ယမန်နေ့က အဆိုပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပ ခဲ့သည်။

(အပေါ်ယာပုံ)



ထိုသို့ အရပ်ရပ်အခွင့်အရေး လိုင်စင်များကို လေလံတင်ရောင်းချ ပေးရာတွင် ရှေးဦးစွာ မြို့နယ် လေလံတင်ရောင်းချရေးကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က အဖွင့်အမှာ စကား ပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးလင်းမင်းညွန့်က ရောင်းချ ရန် ကျန်ရှိသည့် အရပ်ရပ် အခွင့် အရေးလိုင်စင်များနှင့်ပတ်သက် ပြီး လေလံတင်ရောင်းချရာ၌ ဝယ်ယူလုပ်ကိုင်မည့် လုပ်ငန်းရှင် များ သိရှိလိုက်နာရမည့် စည်း ကမ်းချက်များနှင့် အကျိုးခံစားခွင့် များအကြောင်းကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် မြို့နယ်လေလံ တင်ရောင်းချရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရောင်းချရန်ရှိသော အရပ်ရပ် အခွင့် အရေး လိုင်စင် ၁၉ ခုအနက်မှ သားသတ်လုပ်ငန်းလိုင်စင် ငါးခု ကို အခြားနည်းစနစ်ဖြင့် ပွင့်လင်း မြင်သာစွာ လေလံဖွင့်လှစ်ရောင်းချ ပေးရာ ဝယ်ယူလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များက သတ်မှတ် လေလံစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းလိုင်စင်များကို ဝယ်ယူခဲ့ ကြောင်း သိရသည်။ (၄၄၅)

# အိုဘယ့်ချင်းမိုင်(၁၇)

'အိုး … ဒီဇင်ဘာ မင်းပြန်လာပါ…
နှင်းတွေ တဖွဲဖွဲကျ သိပ်သတိရ…'

ကျွန်တော်ရယ်၊ ကိုဆံရှည်ရယ်၊ ကိုဘရောင်းရယ် ချင်းမိုင်မြို့လယ်ရှိ စင်ထရယ်ဖက်စတီဗယ်(Central Festival)ကုန်တိုက်ကြီးရဲ့ တတိယထပ်မှာ လျှောက်လမ်းနဲ့ ဘေးချင်းယှဉ်နေတဲ့ ဖက်ရှင်ဆိုင်ခန်းများအတွင်းဘက် ငေးမောနေစဉ် ဂျင်းဘောင်းဘီမီးခိုးရောင်၊ ဂျာကင်အင်္ကျီအနက်ရောင်၊ လျှာထိုးဦးထုပ်အနက်ရောင်နဲ့ သားရေရှူးဖိနပ်အနက်ရောင် ဝတ်ဆင်ထားတဲ့ မျက်နှာဝိုင်းဝိုင်းနဲ့ လူတစ်ယောက်က ကျွန်တော်တို့ရှိရာသို့ ဦးတည်လာနေတာကို တွေ့ရပါတယ်။

သူ့မျက်နှာမြင်ဖူးသလိုလိုရှိတယ်လို့ တွေးနေစဉ်မှာ ကျွန်တော်တို့ သုံးဦးထဲက အငယ်ဆုံးလူ ရန်ကုန်သား ကိုဘရောင်းက 'ဟိုမှာ ကိုအငဲ လာနေတယ် နှုတ်ဆက်ကြစို့'တဲ့။ ကိုဘရောင်းက အပျော်တမ်း လိဒ်ဂီတာသမားတစ်ဦးမို့ သူတို့ချင်း ယခင်ကတည်းက သိကျွမ်းခင်မင်ပုံရတယ်။ ကျွန်တော်တို့ မြန်မာပြည်သားများရဲ့ ချစ်စရာကောင်းသော ဓလေ့တစ်ခုမှာ ကိုယ့်နိုင်ငံမှာ ရင်းရင်းနှီးနှီး မသိကျွမ်းပေမယ့် နိုင်ငံ့ပြင်ပတွင် တွေ့ကြရတဲ့အခါ 'မြန်မာနိုင်ငံသား'ဟူသော အသိနဲ့ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ရင်းရင်းနှီးနှီး ဖြစ်သွားကြတယ်။

နိုင်ငံကျော် ရော့(ခ်)အဆိုတော်တစ်ဦးဖြစ်တဲ့ ကိုအငဲက 'မင်္ဂလာပါ'ဟုဆိုကာ ကျွန်တော်တို့ကို တစ်ဦးချင်းစီ နှုတ်ဆက်ပါတယ်။ ကျွန်တော်တို့ကလည်း 'မင်္ဂလာပါ'ဟုဆိုကာ ကိုအငဲကို အပြန်အလှန် နှုတ်ဆက်ပါတယ်။ ထိုစဉ် ကျွန်တော့်အတွေးထဲကို အထက်ပါ ကိုအငဲရဲ့ သီချင်းသံစဉ် အပိုင်းအစကလေးကလည်း ဝင်ရောက်လာပါတယ်။ ထိုစဉ် ကိုဘရောင်းက 'ကိုအငဲ'အနုပညာကိစ္စလား၊ အလည်သက်သက်ပဲလား' မေးတဲ့အခါ 'အလည်သက်သက်ပါပဲ'လို့ ကိုအငဲက ဆိုပါတယ်။ ဒီအခါ စင်ထရယ် ကုန်တိုက်ကြီးရဲ့ လျှောက်လမ်းကို နောက်ခံပြုပြီး ကျွန်တော်တို့ တစ်တွေ အမှတ်တရ ဓာတ်ပုံရိုက်ပါတယ်။ ခေတ္တခဏ စကားဆိုကြပြီးနောက် ကိုအငဲလည်း သူလိုရာ စတုတ္ထထပ်ကို စက်လှေကားမှတစ်ဆင့် တက်သွားပါတယ်။ ကျွန်တော်တို့လည်း နီးစပ်ရာ ဖက်ရှင်ဆိုင်ခန်းတစ်ခုအတွင်း လှေ့လာဖို့နဲ့ ဈေးဝယ်ဖို့ ဝင်ရောက်ခဲ့တယ်။

ချင်းမိုင်မြို့လယ်မှာရှိတဲ့ ဒီကုန်တိုက်ကြီးဟာ ထိုင်းနိုင်ငံမြောက်ပိုင်းမှာ တည်ရှိတဲ့ အထင်ကရ ကုန်တိုက်ကြီးပါ။ နိုင်ငံတကာထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ခင်းကျင်းပြသရောင်းချတဲ့ ခေတ်မီကုန်တိုက်ကြီး(Shopping Complex)ပါပဲ။ ချင်းမိုင်မြို့ အထင်ကရ စူပါအဝေးပြေးလမ်းမကြီးနဲ့ ဒွိုင်ဆက်(Doi-Saket) လမ်းအတွင်းမှာ တည်ရှိပါတယ်။ ကုန်တိုက်ကြီးအနီးမှာ ဘတ်(စ်)ကားရပ်နားစခန်းလည်းရှိတာမို့ ချင်းမိုင်ကို အလည်လာတဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေအနေနဲ့ အလွယ်တကူရောက်ရှိနိုင်တဲ့ နေရာတစ်ခုပါ။

ဒါ့ပြင် ဒီကုန်တိုက်ကြီးက ခေတ်မီဒီဇိုင်းနဲ့ ရိုးရာဟန်ကို ပေါင်းစပ်ဆောက်လုပ်ထားတဲ့ အဆောက်အအုံဖြစ်ပြီး အထပ်ငါးထပ်ရှိပါတယ်။ ဖွဲ့စည်းထားတဲ့ စတိုးဆိုင်ခန်းပေါင်း ၄၅၀ နဲ့ ကုန်ပစ္စည်းအမျိုးအစားစုံလင်တာကြောင့် ဒီကုန်တိုက်ကြီးကို(Shopping Complex)လို့ သုံးနှုန်းဟန်တူပါတယ်။ ယေဘုယျအားဖြင့် မြေညီထပ် အပါအဝင် ခြောက်ထပ်စလုံးမှာ များစွာသော စတိုးဆိုင်များနဲ့ ဆိုင်ခန်းငယ်တွေများစွာ ရှိနေတာကို တွေ့ရပါတယ်။

**'ဆိုင်ခန်းအမျိုးအစားနှင့် ဖွဲ့စည်းမှု'**

အောက်ပါအတိုင်း တွေ့ရပါတယ်။

(၁) ခေတ်မီဖက်ရှင်နဲ့ ဝတ်စုံဆိုင်များ၊ (၂) လျှပ်စစ်နဲ့ အိမ်သုံးပစ္စည်းများ၊ (၃) စာအုပ်နဲ့ စာရေးကိရိယာများ၊ (၄) ဝန်ဆောင်မှုအပြည့်ပေးသော ဆိုင်ခန်းနှင့် စတိုးများ၊ (၅)ဖျော်ဖြေရေးနဲ့ ရုပ်ရှင်ခန်း(Major Cineplex)၊ (၆)စားသောက်ခန်းမနှင့် အမျိုးအစားစုံလင်သော စားသောက်ဆိုင်များ(ထိုင်းမြောက်ပိုင်းရိုးရာ အစားအစာများ အပါအဝင်)။

တကယ်တော့ ချင်းမိုင်မြို့လယ်ရှိ ဒီကုန်တိုက်ကြီးဟာ ဆိုင်ခန်းငယ်ပေါင်းများစွာနဲ့ ကဏ္ဍစုံပါဝင်တဲ့ ကမ္ဘာ့အဆင့်မီ ကုန်တိုက်ကြီးပါ။ တစ်နည်း ကမ္ဘာ့ထုတ်ကုန်တွေကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ခင်းကျင်းပြသထားတဲ့ ခေတ်မီကုန်တိုက်ကြီးပါ။ လူနေမှုပုံစံအမျိုးမျိုး၊ လူတန်းစားအလွှာအမျိုးမျိုးအတွက် ကမ္ဘာကျော် ခေတ်မီကုန်အမှတ်တံဆိပ်အမျိုးမျိုးကိုလည်း ဒီကုန်တိုက်ကြီးမှာ တွေ့ရမှာပါ။ ဒါ့ပြင် ရိုးရာထုတ်ကုန်အဝတ်အထည်များ၊ လက်ရက်ချည်ထည်များ၊ ပိုးထည်များ၊ လက်မှုအနုပညာ ပန်းချီ၊ ပန်းပုပစ္စည်းများ၊ ဗုဒ္ဓဆင်းတုတော် အပါအဝင် သံထည်၊ ကြေးထည်ပစ္စည်းများ၊ ဒီရိုးရာထုတ်ကုန်ပစ္စည်းတွေက လန်နယဉ်ကျေးမှုအမွေကို ဆက်ခံတဲ့ လက်ရာတွေကို ဆိုပါတယ်။

**'ကမ္ဘာကျော်တံဆိပ်တွေ'**

တကယ်လို့ သင်က ဖက်ရှင်ကို စိတ်ဝင်စားသူတစ်ဦးဆိုပါက 'ဒီကုန်တိုက်ကြီး ဘယ်လိုနာမည်ကျော်ကုန်အမှတ်တံဆိပ်တွေ ရှာဖွေနိုင်မလဲ'လို့ မေးမိမှာ အမှန်ပါ။ ဒီကုန်တိုက်ကြီးမှာ ဖက်ရှင်ကို ရူးသွပ်သူတို့အတွက် နှစ်သက်ဖွယ် နာမည်ကြီးကုန်အမှတ်တံဆိပ်တွေ အမှန်တကယ်ရှိနေပါတယ်။ ဥပမာ - ကယ်ဗင်ကလင်ဂျင်း (Calvin Klein Jeans)၊ ကက်ကစ်စတွန်(Cath Kidston)၊ ချာလီကစ်(Charles & Keith)၊ ဖရက်ပယ်ရီ(Fred Perry)၊ လူကြီးလူငယ်မရွေး နှစ်သက်တဲ့ လီဗစ်ဂျင်း(Levi's Jean)တို့ပါပဲ။ ဒါ့ပြင် ကမ္ဘာကျော်အမှတ်တံဆိပ်များနဲ့ အားကစားဝတ်စုံများ၊ i-phone, i-pad အပါအဝင် အီလက်ထရွန်းနစ်ဆက်သွယ်ရေးပစ္စည်းများ၊ လင်း(Lyn) ကက်ကစ်စတုန်း(Cath Kidstone)စတဲ့ ဖက်ရှင်စတိုးများကိုလည်း အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ပါတယ်။

ဒါကြောင့် ဒီကုန်တိုက်ကြီးအတွင်းမှာ ဈေးနှုန်းအမျိုးမျိုး ကုန်အမှတ်တံဆိပ်အမျိုးမျိုးကို စုံစုံလင်လင်တွေ့ရတာမို့ စားသုံးသူတွေရဲ့ လိုအင်ကို ဖြည့်စွမ်းပေးနိုင်မှာ မလွဲပါ။ အထူးသဖြင့် ငယ်ရွယ်သူတို့အတွက် စိတ်ကြိုက်ဖြစ်စေမယ့် ကုန်အမှတ်တံဆိပ်များစွာကို ဒီကုန်တိုက်ကြီးမှာ တွေ့ရပါတယ်။ သာဓက - အထက်ဖော်ပြပါ ဂျင်းထည်များအပြင် - မာရီမက်ကို(Marimekko) နဲ့ ထိပ်တန်း ကုန်အမှတ်တံဆိပ်များဖြစ်တဲ့ လူးဝစ်ဗယ်တန်(Louis Vuiton)၊ ဟာမီး(စ်)(Hermes)၊ ချန်နယ်(Channel) စတဲ့ ကုန်အမှတ်တံဆိပ်များဖြစ်ပါတယ်။ ဒီကုန်အမှတ်တံဆိပ်တွေက နာမည်ကြီးသလို ဈေးနှုန်းလည်း မြင့်ပါတယ်။ ဒါ့ပြင် ကမ္ဘာ့နာမည်ကြီး ကုန်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ ရိုးလက်(Rolex) နာရီ ကုန်အမှတ်တံဆိပ်မှာ လက်ရှိ ကမ္ဘာ့ထိပ်တန်း ကုန်အမှတ်တံဆိပ်အဖြစ် အဆင့်(၇)မှာ ရပ်တည်နေကြောင်း သိရပါတယ်။ အမှန်တကယ်ဆိုပါက ဒီကုန်တိုက်ကြီးဟာ ထိပ်တန်းကုန်အမှတ်တံဆိပ်တွေရဲ့ ဈေးကွက်ယှဉ်ပြိုင်ရာ ကွင်းပြင်ကြီးတစ်ခုဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ ဒီကုန်တိုက်ကြီးကို ရောက်လာတဲ့ ကမ္ဘာ့အရပ်ရပ်က လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက်မှု ဒီကုန်တိုက်ကြီးက များစွာသော အတွေ့အကြုံကောင်းတွေကို ပေးနိုင်မှာ မလွဲပါ။

**'အမှတ်တရပစ္စည်းတွေ'**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ကို အလည်လာရင် ဒီကုန်တိုက်ကြီးမှာ အမှတ်တရဝယ်ယူနိုင်တဲ့ ပစ္စည်းတွေ ပေါများလှပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မန္တလေးနဲ့ အမရပူရ ပိုးထည်များ၊ ရွှေချည်ထိုးနှင့် လွန်းရာကျော်ချိတ်များ ကမ္ဘာကျော်သလို ထိုင်းနိုင်ငံမြောက်ပိုင်းထွက် ပိုးထည်များနဲ့ ဇင်းမယ်(ချင်းမိုင်)လုံချည်များကလည်း ကမ္ဘာကျော်ပါတယ်။ ဇင်းမယ်လုံချည်များမှာ ဒီဇိုင်း လည်းလှအနုစိတ်ပြီး လက်ရာမြောက်လှပါတယ်။ ဒါ့ပြင် လက်မှုအနုပညာထည်များ (Hand Crafted)(သစ်သားပန်းပုနှင့် ပန်းချီအနုပညာထည်များ အပါအဝင်) ထိုင်းနိုင်ငံမြောက်ပိုင်းလက်ရာကြေးထည်၊ သံထည်များ၊ ဥပမာ - ဗုဒ္ဓဆင်းတုတော်များ အပါအဝင် ဗြဟ္မာ၊ နတ်ရုပ်၊ ဟင်္သာရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ နာမောင်းပါသော ဟိန္ဒူဘာသာရေးရုပ်တုများကို တွေ့ရပါတယ်။ ဒါ့ပြင် ထိုင်းနိုင်ငံမြောက်ပိုင်းထွက် ရိုးရာထီးများ၊ အလှဆီများ၊ အလှအပဆိုင်ရာပစ္စည်းများ၊ မြောက်ပိုင်းစတိုင်ရိုးရာ အဝတ်အထည်များ၊ ကြွေထည်နှင့် ပန်းကန်ခွက်ယောက်များ၊ ထိုင်းဘာသာနှင့် ခွန်လွိုင်(Khon Loi) ခေါ် ထိုင်းရိုးရာ မီးအိမ်များပဲ ဖြစ်ပါတယ်။ ဒါ့ပြင် ငွေထည်များနှင့် ကျောက်မျက်ရတနာပစ္စည်းများကလည်း ခရီးသွားတွေ နှစ်သက်တဲ့ အမှတ်တရပစ္စည်းတွေထဲမှာ ပါဝင်တယ်လို့ ဆိုပါတယ်။

အမှတ်တရပစ္စည်းများကို ဒီကုန်တိုက်ကြီးမှာသာမက နန်းတော်အရှေ့ဂိတ်လို့ လူသိများတဲ့ သာပေဂိတ်ဝန်းကျင်၊ တနင်္ဂနွေလမ်းလျှောက်ဈေးတန်းနဲ့ ချင်းမိုင်ညဈေး၊ ဝုလိုင်(Wua Lai) လမ်းလျှောက်ဈေးနဲ့ ဘိုဆောင်(Bo Sang)ထီးဈေး၊ ချင်းမိုင်ပင်း မြစ်ကမ်းဘေး အမှတ်တရဈေးဆိုင်များ၊ ဂင်ဂျာ(Ginger)ရုပ်အိမ်ဆိုင်များ၊ ဆန်ကန်ဖန်(Sam Kamphaeng) ဈေးနဲ့ မာယာ(Maya) ရှော့ပင်းစင်တာတို့မှာလည်း ဝယ်ယူရရှိနိုင်တယ်လို့ သိရပါတယ်။

တစ်နေရာတည်းမှာ ပြည့်ပြည့်စုံစုံဖြည့်ဆည်းပေးနိုင်တဲ့နေရာ၊ စတိုးဆိုင်တွေမှာ ဈေးဝယ်ရုံသာမက ဖျော်ဖြေရေးအတွက်ပါ အချက်အချာနေရာ၊ လူတိုင်းအတွက် စိတ်ကျေနပ်မှုတစ်ခုခုကို ရနိုင်တဲ့ နေရာကိုပြပါဆိုရင် ဒီကုန်တိုက်ကြီးကို ညွှန်းဆိုရမှာပဲဖြစ်ပါတယ်။

ဒါ့ပြင် ညစာအတွက် ချက်ပြုတ်နည်းအသွယ်သွယ်နဲ့ အမျိုးအစားစုံလင်တဲ့ အစားအစာတွေ၊ ရုပ်ရှင်ကို နှစ်သက်သူတွေအတွက်၊ ရုပ်ရှင်ခန်းနဲ့ 3D Theater ခန်းမှာ နောက်ဆုံးပေါ် ရုပ်ရှင်တွေကို သက်သောင့်သက်သာနဲ့ အနားယူကြည့်ရှုနိုင်ပါတယ်။ အရွယ်စုံကို ရသစုံပေးနိုင်တဲ့ ဝန်ဆောင်မှုနေရာတစ်ခုပါပဲ။

ဒီကုန်တိုက်ကြီးရဲ့ လူအစည်ကားဆုံးအချိန်က နံနက်စောစောနဲ့ ညနေပိုင်းအချိန်တွေ ဖြစ်တယ်လို့ သိရပါတယ်။ ဘာကြောင့်ပါလဲ။ ထူးခြားစုံလင်တဲ့ မြောက်ပိုင်းရိုးရာအစားအစာ၊ လူတန်းစားအလွှာစုံအတွက် ချက်နည်းအသွယ်သွယ်နဲ့ စီမံထားတဲ့ အစားအစာတွေကို စားဖို့၊ ဈေးဝယ်ဖို့နဲ့ ခရီးသွားများက အမှတ်တရလက်ဆောင်ပစ္စည်းတွေ ဝယ်ဖို့ ရောက်လာကြတာလို့ ဆိုပါတယ်။

**'ကမ္ဘာကျော်ကုန်တိုက်ကြီးများ'**

ကူဝိတ်နိုင်ငံရှိ (The Avenues Mall)၊ မလေးရှားနိုင်ငံရှိ (IOI City Mall)၊ အီရန်နိုင်ငံရှိ (Isfahan City Mall)နဲ့ အီတလီနိုင်ငံ မီလန်မြို့ရှိကမ္ဘာ့ရှေးအကျဆုံး ဂယ်လာရီယာကုန်တိုက်ကြီး (Galleria Vitoria Emanuele II Mall)တို့ဟာ ကမ္ဘာကျော် ဈေးဝယ်ဌာနကြီးများ ဖြစ်ပါသတဲ့။

ချင်းမိုင်မြို့မှာရှိတဲ့ 'စင်ထရယ်'ကုန်တိုက်ကြီးဟာ သူ့အလှသူ့ဂုဏ်နဲ့ ဒေသတွင်းမှာ ဝန်ဆောင်မှုပေးနေတဲ့ ကုန်တိုက်ကြီးတစ်ခုဖြစ်လို့ ချင်းမိုင်ရဲ့ ဂုဏ်ကျက်သရေကို ဆောင်နေတဲ့အလှဇေကရီတစ်ပါးဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီအလှဇေကရီကို အထောက်အကူပြုဝန်းရံနေတဲ့ အနီးအနားက တည်းခိုစရာ ဟိုတယ်ကြီးတွေ၊ ဘတ်(စ်)ကားစခန်းတွေ၊ ခရီးသွားဝန်ဆောင်မှုရုံးခန်းတွေ ရှိနေတာကလည်း ဒီကုန်တိုက်ကြီးရဲ့ ဝန်ဆောင်မှုအသီးအပွင့်တွေကို ရယူဖို့ အခွင့်အရေးတစ်ရပ်လို့ ဆိုနိုင်ပါတယ်။

အချုပ်ဆိုရရင် ချင်းမိုင်မြို့လယ်ရှိ ဒီကုန်တိုက်ကြီးဟာ ဈေးဝယ်ရန် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်သာမက အချို့သော ကမ္ဘာ့ထိပ်တန်းကုန်အမှတ်တံဆိပ်ပစ္စည်းများရဲ့ ဈေးနှုန်းနဲ့ ချိန်ထိုးပြီး နှိုင်းယှဉ်ဝယ်ယူနိုင်တဲ့ နေရာတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**သန်းစိုးအောင်**

## အခြေခံစာတတ်ပုံပညာသင်တန်း (၁/၂၀၂၆) သင်တန်းဆင်း

**လားရှိုး ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်ရုံးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာတတ်ပုံပညာသင်တန်းဆင်းပွဲကို ယမန်နေ့က လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အခြေခံစာတတ်ပုံပညာသင်တန်း (၁/၂၀၂၆)ကို ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ စာတွေ့၊လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**လူမော်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့အလင်း

## ထူးမြတ်လှသည် ဖေဖော်ဝါရီ

* ဟောမန်ခါ အသွင်မပြောင်း
သဇင်ပန်းနှင့် ခွာညိုနှစ်လီ
မွှေးကြိုင်လန်း သင်းထုံကြည်
ဆောင်းလရာသီ
နှင်းမှုန်တွေ ဖြူဖြူဖွေး
တုံချမ်းလို့အေး။

* မွေးနေ့အချိန် မညှိုးနွမ်း
ဖေဖော်ဝါရီ တစ်ဆယ့်သုံး
အောင်ဆန်းဇာနည်
မွေးဖွားခဲ့သည်။

* ထွန်းပေါ်ခဲ့ သူ့ရဲကောင်း
သမိုင်းစဉ်လာ လွန်စွာတင့်
ဂုဏ်မြင့်ခဲ့ကြောင်း။

* ညီနောင်ရင်းတွေ
ငြိမ်းချမ်းစွာ
နေထိုင်ကြရမှာ
တောင်ပေါ် မြေပြန့် ခြေကိုဆန့်
ဒီမိုကရေစီ ခရီးလမ်း
အားသစ်လောင်းလို့
ရှေ့ဆက်စမ်း။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**မြို့သစ် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် (Grade-4) ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးက ကဗျာဆရာဘိုမျိုး(ရွှေဘို) ရေးစပ်သီကုံးသည့် 'ပြည်ထောင်စုကို ကာကွယ်စို့' ကဗျာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီ ၁၂ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပမည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

*-*-*-*-*-*-*





## ငလျင်ဘေးသင့်ပြည်သူများအား အကူအညီပေးနေမှုကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်နေသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လေ့လာရန် ရောက်ရှိနေသော ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူး Mr.Anders Ladekarl သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးငြိမ်း၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်း၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းဒေသမန်နေဂျာMs.Nuria Beneitez တို့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်က မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးများသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများအား ကူညီနေမှုများကို ကြည့်ရှုခဲ့သည်။

မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအဖွဲ့များသည် တံတားဦးမြို့နယ်၊ ဟံသာဝတီကျေးရွာရှိ ကြားကာလနေအိမ်များအား ထောက်ပံ့မှု၊ ဘက်စုံသုံးငွေကြေးထောက်ပံ့မှုတို့ကို ကြည့်ရှုလေ့လာပြီး ငလျင်ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ အလားတူ အမရပူရမြို့နယ်၊ သောင်ကြီးကျေးရွာတွင် ရပ်ရွာလူထုအခြေပြုစိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုကိုလည်းကောင်း၊ ပန်းချီကျေးရွာတွင် နေအိမ်များ ဆောက်လုပ်ထောက်ပံ့မှုကိုလည်းကောင်း လေ့လာခဲ့သည်။

အလားတူ စစ်ကိုင်းမြို့ ငလျင်တုံ့ပြန်ရေးရုံးတွင် ငလျင်တုံ့ပြန်ရေးကူညီဆောင်ရွက်နေသော ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် တွေ့ဆုံပြီး အခမဲ့ဆေးခန်းတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုများကိုလည်းကောင်း၊ ကြားကာလထောက်ပံ့ဆောက်လုပ်ပေးထားသော နေအိမ်များကိုလည်းကောင်း ကြည့်ရှုပြီး ငလျင်ဘေးသင့်ပြည်သူများကို အားပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**မောင်ပြည်သူ(မန္တလေး)**




## ပုသိမ်ကြီးမြို့နယ် စွယ်လှကျေးရွာတွင် စက်ရေတွင်းတူးဖော် ကျေးရွာရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပုသိမ်ကြီးမြို့နယ်၊ စွယ်လှကျေးရွာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ကျေးရွာကော်မတီဝင်များနှင့်အတူ စွယ်လှကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေပေးရေးကော်မတီဝင်များထံ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို လွှဲပြောင်းပေးအပ်သည်။

စွယ်လှကျေးရွာ ရေရရှိရေးအတွက် အကျယ် ၄ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးခြင်း၊ ဂါလန် ၂၄၀၀ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၆၂ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများက ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးခဲ့ရာ ရာသီမရွေး သောက်သုံးရေများ အဆင်ပြေစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။(၀၄၅)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၆)တွင်တည်ရှိသော ဦးပိုင်အမှတ်(၃၀)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ်တိုက် အဆောက်အအုံ(ရေ၊ မီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်နန်းညွန့်ညွန့်ခိုင်(၁၃/တယန(နိုင်)၀၁၈၅၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+ ၄၄)၊ ၆၃-Aလမ်း။ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား။ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း➢09-2070007, 09-792070007, 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၇)၊ ဦးပိုင်အမှတ်(၆၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆) ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးအေး(ဘ)ဦးအိုက်တေ့(၁၃/သပန(နိုင်)၀၂၃၃၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ် မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၅)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(ပေ ၄၀× ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်သည် ဦးမျိုးမြင့်(ဘ)ဦးသာချစ်(MYG-၁၆၁၁၅၂)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်ခြမ်းဧရိယာ(ပေ ၃၀× ပေ ၄၀)မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုရီ(ဘ)ဦးငွေး(၉/မရမ(နိုင်)၀၄၄၂၄၁)ထံမှ ကျွန်ုပ်က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ကျော်ဆန်းထိုက်ဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မြမြငွေး (LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ**

**၅၈ လမ်းနှင့် ၅၉ လမ်းကြား၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၃၀၃၃၈၈၄၊ ၀၉-၄၀၂၅၃၄၈၀၁၊ ၀၉-၄၀၂၆၆၆၈၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်နံပါတ်(၂၃-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧကအကျယ်အဝန်းရှိ ဦးသိန်းငွေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်နိုင်ထွန်း(ဘ)ဦးလီရှောင်ချောက်(၁၃/ကမန(နိုင်)၁၅၀၇၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး LL.B, LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် LL.B, LL.M** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် LL.M | ဒေါ်အေးနန္ဒာထွန်း LL.B | ဒေါ်မာလာစိုး LL.B | ဒေါ်ဖူးသန့်မွန် LL.B |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## စလစ်မြေကွက်အမှတ်-၉၂၊ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ၇၂ လမ်း၊ ၃၇ လမ်း၊ အောင်ချမ်းအေးရပ်ကွက်၊ မဟာအောင်မြေမြို့နယ်နေထိုင်သူ ဒေါ်ခိုင်ခိုင်ထွန်း(ဘ)ဦးစိုးငြိမ်းထွန်း(၁/မညန(နိုင်)၀၇၆၅၀၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမရပူရမြို့နယ်၊ ကျုံတန်းတိုးချဲ့(၂)ရပ်အတွင်းရှိ အကွက်(D)၊ ဦးပိုင်(၉၂)မြေကွက်မှာ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်နေ ဒေါ်မြင့်မြင့်သန်း အမည်ဖြင့် နေရာချထားပေးခဲ့သော စလစ်မြေကွက်ဖြစ်ရာ အဆိုပါမြေကွက်အား ဒေါ်မြင့်မြင့်သန်း ကွယ်လွန်ပြီးနောက် ၎င်း၏သားသမီးများဖြစ်သော ဒေါ်ဝင်းဝင်းမော်(ပါ-၇)ဦးမှ ဦးဝဏ္ဏကျော်ထံ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီး (၂၃-၈-၂၀၂၃) ရက်က လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပြီး အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း အဆိုပါမြေကွက်အား ဦးဝဏ္ဏကျော်မှ ဒေါ်မြင့်မြင့်ဝင်းထံသို့ (၃၀-၉-၂၀၂၅)ရက်က ထပ်မံလွှဲပြောင်း ရောင်းချသည့် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း အဆိုပါမြေကွက်အား ဦးရဲအောင်+ဒေါ်မြင့်မြင့်ဝင်းတို့မှ ယခုလက်ရှိအာရ်စီနှစ်ထပ်တိုက်အဆောက်အအုံအား ဆောက်လုပ်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမြေကွက်မှာ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ အခြားသူများထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ငှားရမ်းထားခြင်း အလျဉ်းမရှိ ကင်းရှင်းကြောင်း၊ သက်ဆိုင်ရာတရားရုံးများနှင့်ဘဏ်များတွင်လည်း အာမခံချက်အဖြစ် တင်သွင်းထားခြင်း အလျဉ်းမရှိ ကင်းရှင်းကြောင်း တာဝန်ယူလျက် တရားဝင်ပိုင်ဆိုင်သည်ဟု အာမခံပြီး ကာလတန်ဖိုးငွေဖြင့် ရောင်းချလိုကြောင်း အလုံးစုံ တာဝန်ယူမှုကြောင့် ကျွန်ုပ်မိတ်ဆွေမှ ရောင်းကြေးစရန်ငွေအား ပေးချေကာ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ စလစ်မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါမြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်တွင် ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်အား အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခိုင်ခိုင်ထွန်း(ဘ)ဦးစိုးငြိမ်းထွန်း**
**၁/မညန(နိုင်)၀၇၆၅၀၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ယဉ်တော်စံပြကျေးရွာ၊**
**အမရပူရမြို့။**
**ဖုန်း ၀၉-၄၄၃၂၁၂၅၂၉**

**ဒေါ်ဝင်းပပထွန်း (LL.B)**
**အထက်တန်းရှေ့နေ**
**စိန်ကုန်းရပ်ကွက်၊**
**စစ်ကိုင်းမြို့။**
**ဖုန်း ၀၉-၇၇၂၀၆၄၈၆၅**

## “အမည်အမှတ်တံဆိပ်သတိပေးကြေညာခြင်း”

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊၁၃၄×၁၃၅-လမ်းကြား၊ ၆၅(A)လမ်း နေ **ဒေါ်နန်းစံမိုင်(ဘ)ဦးစိုင်းငို့(၁၃/မဆတ (နိုင်)၀၄၆၈၈၀)** မှ “ PURE ”အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၆/၂၀၂၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး “ Yoga Studio & Yoga Accessories ” လုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ်**
**(၁၆/၂၀၂၆)**

အထက်ပါအမည်အမှတ်တံဆိပ် “PURE”အမည်အမှတ်အသားဖြင့် “Yoga Studio & Yoga Accessories၊ **အားကစားခန်းမ ၊ အားကစားပစ္စည်းအသုံးအဆောင်အမျိုးမျိုး နှင့် အားကစားအထောက်အကူပြုပစ္စည်းအမျိုးမျိုး**” တို့ကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး၊ အဆိုပါလုပ်ငန်းကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ လက်စွဲအိတ်၊ စာရွက်စာတမ်းအမျိုးမျိုးတို့တွင် ရိုက်နှိပ်၍လည်းကောင်း ၊ ဆိုင်းဘုတ်၊ ကြော်ငြာ၊ ဘလောက်၊ လက်ကမ်းကြော်ငြာ၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ မန္တလေးလမ်းညွှန်သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားလိုင်းအမျိုးမျိုး၊ Facebook , Telegram , Tiktok, Instragam, WeChat , WebSite , Internet အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ် ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းခွဲများလည်း ဖွင့်လှစ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအမည်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှား ဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်း မပြုလုပ်ရန် နှင့် ပြုလုပ်သုံးစွဲနေကြောင်းတွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ထိုက်တင်ဇါကျော်**
(တရားလွှတ်တော်ရှေ့နေ )
၃၃လမ်း၊ ၆၃×၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ ၀၉-၂၅၃၁၀၁၂၁၁၊ ၀၉-၆၇၄၈၀၅၁၅၂

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၀)၊ ဦးပိုင်နံပါတ်(၁၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ . ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ တသဝင်းကြည် အမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်မျိုးထွန်း(ဘ)ဦးညာဏ်ထွန်း(၉/မရတ(နိုင်)၀၉၀၃၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** — **ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၇)၊ ဦးပိုင်နံပါတ်(၁၆-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ . ၀၂၇၅)ဧကအကျယ်အဝန်းရှိ ဒေါ်ခင်နွယ်ဦး(ပါ-၃) အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတက်ထွန်း(ဘ)ဦးစန်းလွင်(၉/မနမ(နိုင်)၁၀၈၈၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** — **ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)တွင်တည်ရှိသော ဦးပိုင်အမှတ်(၇၄)အတွင်းမှ အနောက်ဘက်ခြမ်း(ပေ ၂၀× ပေ ၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်မာဘောက်(၁/မညန(နိုင်)၁၁၇၇၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ–၁၁ /၄၁+ ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း ၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၇၀၀၀၇ ၊ ၀၉–၇၉၂၀၇၀၀၀၇၊ ၀၉–၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၄)တွင်တည်ရှိသော ဦးပိုင်အမှတ်(၃၁)အတွင်းမှ အရှေ့ဘက်ခြမ်း(ပေ ၂၀× ပေ ၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အဆောက်အအုံ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အေးအေးမြင့်(၁၃/ကခန(နိုင်)၁၀၈၉၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**(တရားလွှတ်တော်ရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ–၁၁ /၄၁+ ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း ၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၇၀၀၀၇ ၊ ၀၉–၇၉၂၀၇၀၀၀၇၊ ၀၉–၄၃၂၅၀၀၀၀**

## "KZ-13" အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၃၇ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ အိမ်အမှတ်(၄၃-က)နေ ဦးကျော်ဇံ(ဘ)ဦးချစ်မောင်(၁၂/ပဘတ(နိုင်)၀၂၁၁၅၀)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇံသည် “KZ-13” အမည်၊ အမှတ်တံဆိပ်၊ ဒီဇိုင်း၊ Logo အမှတ်အသားတို့ကို တီထွင်ဖန်တီး၍ ၂၀၀၃ ခုနှစ်ကတည်းကပင် စတင်၍-

၁။ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၂၄.၇.၂၀၁၈) ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် - ၂၁၁၅/၂၀၁၈ ဖြင့် မြွက်ဟကြေညာ၍လည်းကောင်း၊

၂။ မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်အရာရှိထံတွင် (TM-1) လျှောက်လွှာတင်သွင်း၍ သတ်မှတ်အခကြေးငွေများ ပေးသွင်းပြီးဖြစ်၍ လည်းကောင်း၊ တရားဝင် စာရင်းသွင်း မှတ်ပုံတင်ထားပြီး ဥပဒေနှင့်အညီ “KZ-13” အမှတ်တံဆိပ်၏ တရားဝင်မူပိုင်ရှင်အဖြစ် သီးသန့်ရပ်တည် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇံသည် အဆိုပါ “KZ-13” အမှတ်တံဆိပ်ဖြင့် အဝတ်အထည်အရောင်းဆိုင်များကို အောက်ဖော်ပြပါ ဆိုင်(၃)ဆိုင်တွင်သာ ကိုယ်တိုင် ဦးစီးဖွင့်လှစ်ရောင်းချလျက်ရှိပါသည် -

**(ဆိုင်–၁)** အမှတ်(၃၁/ခ)၊ ၂၂လမ်း၊ ၈၁ လမ်းနှင့် ၈၂လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

**(ဆိုင်–၂)** အမှတ်(၄၃/က)၊ ၃၇လမ်း၊ ၇၃ လမ်းနှင့် ၇၄လမ်းကြား၊ စကြာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

**(ဆိုင်–၃)** အကွက်(ဏ-၈/၂၂)၊ ၆၂လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ နေရာများမှအပ အခြားမည်သည့် မြို့နယ်၊ ဒေသ၊ နေရာတွင်မျှ ဆိုင်ခွဲများ ဖွင့်လှစ်ထားခြင်း မရှိသကဲ့သို့၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ အဆိုပါ အမှတ်တံဆိပ်အား အသုံးပြုခွင့်ပေးထားခြင်း၊ Franchise ပေးထားခြင်း လုံး၀(လုံး၀) မရှိကြောင်း အများသိစေရန် အတိအလင်း ကြေညာလိုက်သည်။

သို့ဖြစ်ပါ၍ မသမာသူအချို့နှင့် လုပ်ငန်းရှင်အချို့သည် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ “KZ-13” အမှတ်တံဆိပ်၊ အမည်၊ ဒီဇိုင်း၊ Logo တို့အားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် လိမ်လည်လှည့်ဖြား၍ဖြစ်စေ မိမိတို့၏ ဆိုင်အမည်၊ ကုန်ပစ္စည်းများ၊ ကြော်ငြာများ၊ လူမှုကွန်ရက်စာမျက်နှာများတွင် သုံးစွဲနေကြကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ “KZ-13” အမှတ်တံဆိပ်နှင့် ပုံသဏ္ဌာန်တူသော၊ ဆင်တူယိုးမှားဖြစ်သော မည်သည့်အမှတ်တံဆိပ်ကိုမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆိုင်ဖွင့်လှစ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြင်ပကြော်ငြာများနှင့် ဆိုရှယ်မီဒီယာများတွင် ကြော်ငြာခြင်းနှင့် သုံးစွဲခြင်းများကို ချက်ချင်းရပ်တန့်ကြပါရန် လေးနက်စွာ သတိပေးတားမြစ်သည်။

ဤသတိပေး ကြေညာချက်ကို လိုက်နာရန် ပျက်ကွက်ပြီး ဆက်လက်ကျူးလွန် သုံးစွဲနေသူများ၊ ပူးပေါင်းပါဝင်သူများကို တည်ဆဲဥပဒေများအရ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအဝဝအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးများကိုပါ ပြန်လည်တောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

- ❖ ယနေ့နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတကာတွင် ဉာဏ်ရည်တု AI နည်းပညာကို နယ်ပယ်စုံတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနေကြပြီဖြစ်…
- ❖ မြန်မာနိုင်ငံတက္ကသိုလ်များကလည်း သင်ကြားသင်ယူမှုတွင် နည်းပညာ (Technology) နှင့်အတူ AI ပညာရပ်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးအတွက် ပညာရှင်များက ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ ၃၅ မိနစ်မှစတင်၍ MRTV-HD၊ MRTV News၊ MRTV NRC၊ MRTV Parliament၊ MRTV Farmers'၊ MRTV Entertainment Channel နှင့် MITV Channel တို့မှ လည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော Readers' Channel၊ MNTV၊ Up to Date Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD၊ MWD VARIETY HD တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ ပဉ္စဝတီ၊ မန္တလေး၊ ရွှေ ပုဂံ တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့် သဇင် FM တို့မှ လည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှ လည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့အပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ည ၇ နာရီခွဲမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည ၈ နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၉

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသောကျောင်းသားကျောင်းသူများကိုအခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန်ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ☆



## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအချိန်စာရင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူကျင်းပသော အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်စာဖြေဌာနများတွင် အောက်ပါအချိန်ဇယားအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်-

| နေ့ရက် | ခွင့်ပြုချိန် | ဘာသာ |
|---|---|---|
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၃) ရက် (၁၈-၅-၂၀၂၆) တနင်္လာနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | ယဉ်ကျေးမှုကျင့်ဝတ် |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၄) ရက် (၁၉-၅-၂၀၂၆) အင်္ဂါနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | ဗုဒ္ဓဘာသာမြန်မာစာ |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၅-၂၀၂၆)ဗုဒ္ဓဟူးနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | အခြေခံအဘိဓမ္မာ |

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

## FIFA-MA Refereeing Course 2026 သင်တန်းဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီ၊ ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် FIFA-MA Refereeing Course 2026 သင်တန်းကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲ ခန်းမတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးသင်တန်းနည်းပြ Mr. Mohamad Rodzali Bin Yacob တို့က အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် ဖွင့်ပွဲသို့တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် သင်တန်းသားများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကာ အခမ်းအနားပြီးဆုံးခဲ့သည်။ FIFA-MA Refereeing Course 2026 သင်တန်းကို သင်တန်းသား ၅၈ ဦး၊ သင်တန်းသူ ၁၅ ဦး၊ စုစုပေါင်း ၇၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(NGB)

